မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်၊ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၀၃)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ပထမအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်က အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ပထမအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် မြားပစ်ကွင်း၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေး ချီးမြှင့်ပြီး ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

စာမျက်နှာ ၈ ကော်လံ ၁ ✡

နွေစပါးပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေး မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုး လျှပ်စစ်မရရှိသည့်နေရာများ စက်သုံးဆီနှင့်သဘာဝဓာတ်ငွေ့သုံး ရေစုပ်စက်များအသုံးပြု

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင်များသို့ သွားရောက်ပြီး စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✻

လျှပ်စစ်ဖြင့် ရေတင်

မင်္ဂလာဒုံမြို့နယ်နှင့် လှည်းကူးမြို့နယ်အစပ် ရန်ကုန်–ပဲခူး ချောက်လမ်းသွားလမ်းမကြီးဘေး၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်က စိုက်ပျိုးလျက်ရှိသည့် လယ်မြေများအတွင်းသို့ လျှပ်စစ်ဖြင့် ရေတင်နေစဉ်။ (ရန်ကုန်တိုင်း)

မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

❐ မျိုးဆက်သစ် တိုင်းရင်းသားလူငယ်များသည် အရည်အချင်းပြည့်ဝသည့် မျိုးချစ် အင်အားစုများဖြစ်ပြီး ကျစ်လျစ်သိပ်သည်းခိုင်မာသည့် အရည်အသွေး၊ အရည်အချင်း၊ စွမ်းရည်များဖြင့် နိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ရမည်ဖြစ်။

ခေါင်းကြီး(စာ-၂)

❐ NGV ယာဉ်များတွင် တပ်ဆင်အသုံးပြုရန်ထုတ်လုပ်ထားသော သဘာဝဓာတ်ငွေ့သုံး ပစ္စည်းကိရိယာအားလုံးသည် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ထားသောပစ္စည်းများဖြစ်သဖြင့် အန္တရာယ်ကင်းရှင်းမှုရှိပြီး လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သောပစ္စည်းများဖြစ်။

မြင့်ဌေး(စွမ်းအင်)၏ဆောင်းပါး(စာ-၁၀၊၁၁)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)

ဒို့တာဝန်အရေးသုံးပါး တိုင်းရင်းသားပြည်သူများ ထာဝရဦးထိပ်ပန်ဆင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မြဲအောင် ကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်အစိုးရက အမျိုးသားရေးမူဝါဒအဖြစ် ချမှတ်ကျင့်သုံးခဲ့သည်။ ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံ၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလ သုံးပါးစလုံးကို လွှမ်းခြုံထားသည့် ဦးတည်ချက်များ ဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဥမကွဲ သိုက်မပျက် အေးအတူပူအမျှ စုပေါင်းနေထိုင်လျက်ရှိရာ ယင်းအခြေအနေကောင်းများ ထာဝရဖြစ်ထွန်းတည်ရှိနေရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို အသက်တမျှ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရမည် ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) စတုတ္ထနေ့ အစည်းအဝေးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

"နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်အဖြစ် တည်ဆောက်ရာမှာ အမျိုးသားရေးမူဝါဒဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ပြည်ထောင်စုစိတ်ဓာတ်ပြည့်ဝတဲ့ မျိုးချစ်အင်အားစုကြီးလိုအပ်တယ်"

ဟူ၍ မိန့်ကြားသွားခဲ့သည်။

နိုင်ငံတော်၏ ပကတိအခြေအနေများကို လေ့လာဆန်းစစ်နိုင်စွမ်းရှိသည့် မျိုးဆက်သစ် တိုင်းရင်းသားလူငယ်များသည် အရည်အချင်းပြည့်ဝသည့် မျိုးချစ်အင်အားစုများဖြစ်ပြီး ကျစ်လျစ် သိပ်သည်း ခိုင်မာသည့် အရည်အသွေး၊ အရည်အချင်း၊ စွမ်းရည်များဖြင့် နိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရမည် ဖြစ်သည်။ ခေတ်မီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရန် အင်တိုက်အားတိုက် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်နှင့် နိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်ပြီး နိုင်ငံနှင့်လူမျိုးကို မြှင့်တင်နိုင်စွမ်း ရှိသည့် အမျိုးသားရေးစိတ်ဓာတ်သည် နိုင်ငံသားတိုင်း၌ ကိန်းအောင်းနေရမည့် မွန်မြတ်သော စိတ်ဓာတ်ပင်ဖြစ်သည်။

အမျိုးသားရေးစိတ်ဓာတ်ပြည့်ဝသော တိုင်းရင်းသားပြည်သူများသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရေး၊ ဒီမိုကရေစီနိုင်ငံတော် တည်ထောင်ရေး၊ ပိုမိုကောင်းမွန်သည့် မြန်မာ့လူ့အဖွဲ့အစည်းဖန်တီးရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဖော်ဆောင်ကြရမည် ဖြစ်သည်။

ယနေ့ကာလသည် အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်းလာစေရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေချိန် ဖြစ်သည်။

အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအပါအဝင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာဆောင်ရွက်နိုင်ရေးသည် တစ်မျိုးသားလုံး တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြမှ ရည်မှန်းချက်ပန်းတိုင်သို့ မြန်ဆန်ချောမွေ့စွာ ရောက်ရှိနိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီး ပိုမိုကျစ်လျစ်ခိုင်မာစေရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲစေရန်၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များ အောင်မြင်စေရန်အတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံးက ဒို့တာဝန်အရေးသုံးပါးကို ထာဝရဦးထိပ်ပန်ဆင်ပြီး ဝိုင်းဝန်းလက်တွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၁-၁-၂၀၀၅
(အင်္ဂါနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် New Worlds to Conquer (အထူးပြုအားလုံး)
၅:၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကြယ်တစ်ပွင့်ရဲ့ဒိုင်ယာရီ"** (အပိုင်း-၁၆)ဇာတ်သိမ်းပိုင်း
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ မြန်မာ့ရှုခင်း
၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိန်းငှက်သူရဲကောင်း"** (အပိုင်း-၃၄)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒီဇင်ဘာ ၂၃ရက်က ပန်းဘဲတန်းမြို့နယ် အမှတ်၁၅၁၊ ၃၂ လမ်း(အလယ်)နေ ကွယ်လွန်သူ ဦးလှခင်နှစ်နှစ်ပြည့်အား ရည်စူး၍ ဒေါ်ကျင်ဆွေမိသားစုက နှစ်ထပ်သိမ်ကျောင်းဆောက်လုပ်ရန်အတွက် အလှူငွေကျပ်တစ်သိန်းကို သာကေတမြို့နယ် ရှုခင်းသာကျောင်းတိုက် သဒ္ဓမ္မရံသီစာသင်တိုက် ဆရာတော် ဦးဝါသေဋ္ဌ(သာသနဓဇဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြတ်ဗုဒ္ဓ၏ မဟာဗုဒ္ဓဝင်ဓာတ်ပုံပြပွဲ အင်းစိန်မြို့နယ် မင်းဓမ္မကုန်းမြေ၌ ခင်းကျင်းပြသ

ရန်ကုန် ဇန်နဝါရီ ၁၀

မြတ်ဗုဒ္ဓ၏ မဟာဗုဒ္ဓဝင်ဓာတ်ပုံပြပွဲဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၉ရက် နံနက်၈နာရီက အင်းစိန်မြို့နယ် မင်းဓမ္မကုန်းမြေ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အနောက်ဘက်တန်ဆောင်း၌ ကျင်းပရာ သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ်ဦးအုံ့မောင်နှင့် ဓာတ်ပုံပညာရှင် ဦးသန်းဇော်တို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းပြသ

ထို့နောက် လောကချမ်းသာအဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ဥက္ကဋ္ဌ သီရိသုဓမ္မဇောတိကဓဇ ဦးရှိန်အောင်ဗိုလ်နှင့် ဓာတ်ပုံပညာရှင် ဦးသန်းဇော်တို့က ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ဧည့်သည်များအား ပြပွဲ၌ခင်းကျင်းပြသထားသော မြတ်ဗုဒ္ဓ၏ မဟာဗုဒ္ဓဝင် ဓာတ်ပုံများနှင့်စပ်လျဉ်း၍ လိုက်လံ ရှင်းလင်းပြသကြသည်။

တစ်ပတ်ကြာပြသမည်

အဆိုပါပြပွဲတွင် အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ မြတ်ဗုဒ္ဓ၏ မဟာဗုဒ္ဓဝင်ဆိုင်ရာ ဓာတ်ပုံပေါင်း ၁၃၈ ပုံကို ပြသထားပြီး ပြပွဲကို ဇန်နဝါရီ၉ရက်မှစ၍ နေ့စဉ် နံနက် ၆ နာရီမှ ညနေ၆နာရီအတွင်း ရက်သတ္တတစ်ပတ်ကြာ ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒီဇင်ဘာ ၃၀ရက်က ရန်ကုန် အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးသို့ ၂၀၀၅ခုနှစ် ဇန်နဝါရီမှ စ၍ ဒီဇင်ဘာအထိ (၁၂လစာ) Top Englishမဂ္ဂဇင်းကို ဦးအောင်ခိုင် အမှတ်(၄) ဘောဂလမ်း မြသီတာရပ်ကွက် ထောက်ကြန့်တောင်ပိုင်းက လစဉ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဒေါ်ချိုချိုလတ်က လှူဒါန်းငွေကို လက်ခံယူစဉ်။ (မြို့နယ် ပြန်/ဆက်)

ရှင်းလင်းပြသ

ဒီဇင်ဘာ ၁၆ရက်က ရန်ကုန်တိုင်း မီးသတ်ဦးစီးမှူး ရဲကျော်စွာအောင်ကျော်မြင့်နှင့် တာဝန်ရှိသူများ ကြည့်မြင်တိုင် မြို့နယ် မြန်မာ့သစ်လုပ်ငန်း အမှတ်(၁) သစ်စက် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ကြည့်ရှုစစ်ဆေးရာ သစ်စက်မန်နေဂျာဦးသောင်းရှိန်နှင့် သစ်စက် မီးသတ်တာဝန်ခံ အရာရှိ ဦးလှအေးဘ တို့က ရှင်းလင်းပြသစဉ်။ (က-ပ)

(၅၇)နှစ်မြောက် မြန်မာ့လွတ်လပ်ရေးနေ့အခါသမယ နိုင်ငံအကြီးအကဲများ သဝဏ်လွှာများဆက်လက်ပေးပို့

ရန်ကုန် ဇန်နဝါရီ ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့သဝဏ်လွှာများ ပေးပို့လျက်ရှိကြသည်။

ကိုရီးယားသမ္မတနိုင်ငံ

၂၀၀၅ခုနှစ် ဇန်နဝါရီလ၄ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာနိုမူဟွန်ထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံ ကိုရီးယားသမ္မတနိုင်ငံ အစိုးရနှင့် ပြည်သူများကိုယ်စားလည်းကောင်း၊ မိမိကိုယ်တိုင်လည်းကောင်း ဝမ်းမြောက်ဂုဏ်ယူစွာ သဝဏ်လွှာပေးပို့ပါကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ဆက်ဆံရေးများသည် နှစ်နိုင်ငံအပြန်အလှန် အကျိုးစီးပွားအတွက် ပိုမိုခိုင်မာမည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော် ကျန်းမာရွှင်လန်းစေရန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် သာယာဝပြောစေရန်အတွက် မိမိဆုမွန်ကောင်းများ ပို့သပါကြောင်းဖော်ပြပါရှိသည်။

ဂျပန်နိုင်ငံ

၂၀၀၅ခုနှစ် ဇန်နဝါရီလ၄ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာဂျူနီချီရိုကိုအိဇုမိထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဂျပန်နိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စားလည်းကောင်း၊ မိမိကိုယ်တိုင်လည်းကောင်း အဆွေတော်ထံ မိမိဝမ်းမြောက်ဝမ်းသာစွာ သဝဏ်လွှာပါးအပ်ပါကြောင်း။

အဆွေတော်၏ ပြည်ထောင်စုမြန်မာနိုင်ငံတော် ငြိမ်းချမ်းသာယာပြီး ကြီးပွားတိုးတက်စေရန်လည်း ဆုမွန်ကောင်းပို့သပါကြောင်း ဖော်ပြပါရှိသည်။

ဆားဗီးယားနှင့်မွန်တီနီဂရိုနိုင်ငံ

၂၀၀၅ခုနှစ် ဇန်နဝါရီလ၄ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဆားဗီးယားနှင့် မွန်တီနီဂရိုနိုင်ငံသမ္မတ မစ္စတာ ဆဗက်တိုဇာမာရိုဗစ်ထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်၏ ပြည်ထောင်စုမြန်မာနိုင်ငံတော် တိုးတက်ကြီးပွားချမ်းသာစေရန် ဆားဗီးယားနှင့် မွန်တီနီဂရိုနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စားလည်းကောင်း၊ မိမိကိုယ်တိုင်လည်းကောင်း အဆွေတော်ထံသို့ ဆုမွန်ကောင်းပို့သပါကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ ဆားဗီးယားနှင့် မွန်တီနီဂရိုနိုင်ငံသမ္မတ မစ္စတာဆဗက်တိုဇာမာရိုဗစ်ထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

(ဆက်လက်ဖော်ပြပါမည်။)

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ✳ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေး မူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
- ✳ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊
- ✳ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသား အားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
- ✳ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲ ကြည့်ရှုလေ့လာသူများဖြင့်စည်ကားလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၀

၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ပြန်ကြားရေး ဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်းပြသရေးဆပ်ကော်မတီတို့က ကြီးမှူးပြသသည့် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲကို အဋ္ဌမနေ့အဖြစ် ယနေ့ နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဆက်လက်ဖွင့်လှစ်ပြသရာ ယနေ့သည် အစိုးရရုံးပိတ်ရက် (ကရင်နှစ်သစ်ကူးနေ့) ဖြစ်သည့်အတွက် ပြပွဲသို့ လာရောက်ကြည့်ရှုလေ့လာသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ပြပွဲခန်းမတွင် ဗဟိုပြကွက်အဖြစ် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ပုံတူပန်းချီကားချပ်ကြီးနှင့်အတူ ၎င်း၏ လွတ်လပ်ရေးနေ့နှင့် သက်ဆိုင်သော အဆိုအမိန့် ကောက်နုတ်ချက်စာသားများကို ဖော်ပြထားရှိကာ ယာဘက်တွင် စတင်ဖြစ်တည်ခဲ့သည့် ပထမမြန်မာနိုင်ငံတော် ပန်းချီကားနှင့် ဝဲဘက်တွင် ယနေ့ တည်ဆောက်လျက်ရှိသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် ပန်းချီကားတို့ဖြင့် ခြံရံပြသထားသည်။

ခင်းကျင်းပြသ

ပြခန်းများအဖြစ် မြန်မာ့သမိုင်းခေတ်အဆက်ဆက် ပိုင်းခြားမှုပြခန်းများ၊ လွတ်လပ်ရေးကြိုးပမ်းမှုများ၊ လွတ်လပ်ရေးရရှိခြင်းနှင့် လွတ်လပ်ရေး ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုမှတ်တမ်းဓာတ်ပုံပြခန်း၊ ရှုခင်းသာယာ ပြည်မြန်မာ၊ ရှုချင့်စဖွယ် အမျိုးသားယဉ်ကျေးမှုနှင့် ခေတ်မီဘက်စုံတည်ဆောက်ရေး မြင်ကွင်းရောင်စုံဓာတ်ပုံ ပြကွက်များနှင့် ဝန်ကြီးဌာနများ၏ ပြခန်းများတွင်လည်း ဝန်ကြီးဌာနအသီးသီး၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ပြကွင်းပြကွက်များစုံလင်စွာဖြင့် ခင်းကျင်းပြသထားသည်။

ထို့ပြင် ရန်ကုန် ကွန်ပျူတာတက္ကသိုလ်၏ Computer Quiz အစီအစဉ်နှင့် Soft Guide Computer Co., ၏ Teaching Contest with Audio Language Lab ပြိုင်ပွဲများကိုလည်း ကျင်းပလျက်ရှိရာ ယနေ့ပြိုင်ပွဲတွင် ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းငါးကျောင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည့်အနက် ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းက ပထမဆု ရရှိသွားသည်။

ပြပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် ပုဂ္ဂလိက စာအုပ်ဆိုင်များကလည်း စာအုပ်မျိုးစုံနှင့် ဂျာနယ်၊ မဂ္ဂဇင်းများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချလျက်ရှိသည်။

အခမဲ့လေ့လာနိုင်

ယနေ့ပြပွဲသို့ ရဟန်းရှင်လူ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့် လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း ၄၂၀၀ ကျော် လာရောက်ကြည့်ရှုကြပြီး ပြပွဲကို ဇန်နဝါရီ ၁၁ ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအတွင်း ဖွင့်လှစ်ပြသသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှု လေ့လာနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၉ရက်က သထုံမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး၊ နိုင်ငံတော်မှချီးမြှင့်သည့် ဆုရအသင်းဝင်များနှင့် တက္ကသိုလ်ဝင်တန်းအောင်ဆုရ အသင်းဝင်သားသမီးများ ဂုဏ်ပြုချီးမြှင့်ပွဲကို သန္တိသုခ နှစ်ထပ်ဓမ္မာရုံကြီးတွင်ပြုလုပ်ရာ တစ်ပြည်လုံး တက္ကသိုလ်ဝင်တန်း တတိယဆု၊ ရန်ကုန်တိုင်းတွင် မြန်မာစာပထမဆုရ မဂျေဂျေသောင်းဇော်အား အသင်းဥက္ကဋ္ဌ ဦးစောလွင်က ဂုဏ်ပြုချီးမြှင့်စဉ်။ (၁၂၉)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဒီဇင်ဘာ၂၅ရက်က ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၃၄) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်ကျော်လွင်နှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်/ပြန်ဆက်)

မီးသုံးစွဲလျှင် အသိယှဉ်
အစဉ်သတိ အမြဲရှိ

သာယာမည်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

တရုတ်နှင့် ရုရှား ကုန်သွယ်မှု လျင်မြန်စွာတိုးတက် နှစ်နိုင်ငံ ကုန်သွယ်မှု ဒေါ်လာ ၂၀ဘီလီယံသို့ရောက်ရှိ

ဟာဘင် ဇန်နဝါရီ ၉

တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသည် ၂၀၀၄ ခုနှစ်အတွင်း လျင်မြန်စွာ တိုးတက်ခဲ့ကြောင်း၊ အမေရိကန် ဒေါ်လာ ၂၀ ဘီလီယံဖိုးရှိ ကုန်သွယ်မှုများပြုလုပ်ခဲ့ကြောင်း ကူးသန်းရောင်း ဝယ်ရေးဌာနမှ ဝါရင့်ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

တရုတ်နိုင်ငံသည် ယခုနှစ်တွင် ရုရှားနိုင်ငံနှင့် စေ့စပ်ဆွေးနွေးမှုများ အပေါ် ဈေးကွက်တစ်ရပ်ပေါ်ပေါက်ခဲ့ကြောင်း၊ ရုရှားနိုင်ငံသည် ဒဗလျူတီအိုသို့ ဝင်ရန်လိုအပ်ပြီဖြစ်ကြောင်း တရုတ်ကူးသန်းရောင်းဝယ်ရေးဒုတိယ ဝန်ကြီးကျန်ဇီကိုင်က သောကြာနေ့တွင် ပြုလုပ်သည့် ကုန်သွယ်ရေး ပူးပေါင်း ဆောင်ရွက်မှု ကွန်ဖရင့်၌ ပြောကြားသည်။

စေ့စပ်ဆွေးနွေးမှုမှ သဘောတူညီချက်အရ ရုရှားသည် တရုတ်ကုန်ပစ္စည်းများကို အခွန်မဲ့ တင်သွင်းမည်ဖြစ်ကြောင်း၊ တရုတ်-ရုရှားကုန်သွယ်ရေးဈေးကွက်ကို အနာဂတ်တွင် ဖွင့်လှစ်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

အောင်မြင်

တရုတ်နာမည်ကြီးကုမ္ပဏီများသည် ရုရှား ဈေးကွက်တွင် အောင်မြင်နေပြီဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ တီဗွီအများဆုံးထုတ်လုပ်သည့် တီဗွီ အယ်လ်ကုမ္ပဏီသည် ယမန်နှစ်က ရုရှား၌ တီဗွီအလုံးရေ ၄၀၀၀၀၀ ရောင်းချခဲ့ရကြောင်း ကွမ်းတုံအခြေစိုက် ဒီဗွီဒီနှင့် ဖုန်းထုတ်လုပ်သည့် ဘူဘူဂါအိုသည်လည်း နှစ်စဉ်ဒေါ်လာ သန်း ၁၀၀ဖိုးရောင်းချခဲ့ရကြောင်း ကျန်ကပြောကြားသည်။

တိုးမြှင့်

၂၀၀၄ ခုနှစ် ကုန်ဆုံးချိန်တွင် တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ရုရှားတွင် အမေရိကန်ဒေါ်လာ သန်း၆၈၀ဖိုး ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း၊ ယင်းသည် ရုရှားနှင့် တရုတ်နိုင်ငံတို့အကြား မဟာဗျူဟာ ပေါင်းဖော်ဖက်အဖြစ် တိုးမြှင့်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ကျန်က ပြောကြားသည်။

နှစ်နိုင်ငံကုန်သွယ်မှုသည် ၂၀၁၀ ပြည့်နှစ်တွင် အမေရိကန် ဒေါ်လာ ဘီလီယံ ၆၀မှ ၈၀ အထိ ရှိလိမ့်မည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ အနွေးထည်အင်္ကျီများ ရောင်းချနေသည့် ဆိုင်ကြီးတစ်ဆိုင်ကို ဇန်နဝါရီ ၉ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အသက်ရှူလမ်းကြောင်းဆိုင်ရာကွန်ဖရင့် ပေကျင်းမြို့၌ ကျင်းပမည်

ပေကျင်း ဇန်နဝါရီ ၈

(၁၀) ကြိမ်မြောက်နိုင်ငံတကာ လုပ်ငန်းခွင် ဆိုင်ရာအသက်ရှူ လမ်းကြောင်းရောဂါများ ကွန်ဖရင့်ကို ဧပြီ ၁၉ရက်မှ ၂၂ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း တရုတ်ကျန်းမာရေး ဝန်ကြီးဌာနက သောကြာနေ့တွင် ပြောကြားသည်။

အဆိုပါ ကွန်ဖရင့်သို့ နိုင်ငံနှင့် ဒေသ ၄၀မှ လူပေါင်း၁၀၀၀ကျော် တက်ရောက်ကြမည်ဖြစ်ကြောင်း၊အစည်းအဝေးကျင်းပစဉ် ကာလအတွင်း ယင်းတို့သည် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများကုသခြင်းနှင့်ရောဂါလက္ခဏာများ ကဲ့သို့သော အကြောင်းအရာများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ပြည်သူများအတွက် ကျန်းမာရေးကို ရေးရှုလျက်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများခြိမ်းခြောက်မှုကိုတင်ပြသွားမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာန အကြီးအကဲ စူဇီက ပြောကြားသည်။

တရုတ်နိုင်ငံသည် လုပ်ငန်းခွင် ဆိုင်ရာ ရောဂါများဖြစ်ပွားမှုအပြင်း အထန်ဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပြီး တရုတ်လူမျိုး သန်း၂၀၀ခန့်သည် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ များ၏ ခြိမ်းခြောက်မှုကိုခံနေကြရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘန်ဒါအာချေးလေဆိပ် လေကြောင်းထိန်းသိမ်းမှု အဆင့်တိုးမြှင့်ရန် ရွှေ့လျားလေကြောင်းထိန်းသိမ်းရေးမျှော်စင် စင်ကာပူမှ အင်ဒိုနီးရှားသို့ပို့ပေး

ဘန်ဒါအာချေး ဇန်နဝါရီ ၈

အင်ဒိုနီးရှားနိုင်ငံ၏လေကြောင်း လုပ်ငန်းများ ဆောင်ရွက်မှုများအဆင့်တိုးမြှင့်စေရန်အတွက် စင်ကာပူနိုင်ငံမှ ပေးပို့လိုက်သော ရွှေ့လျားလေကြောင်း ထိန်းသိမ်းရေးမျှော်စင်သည် ဘန်ဒါအာချေးလေဆိပ်သို့ ရောက်ရှိလာပြီး ဖြစ်သည့်အတွက် ဘန်ဒါအာချေး လေဆိပ်၏လေကြောင်း ပျံသန်းမှု စွမ်းဆောင်ချက်များသည် စနေနေ့က အဆင့်တိုးမြှင့်လာခဲ့သည်။

လွှဲပြောင်းပေး

ရွှေ့လျားလေကြောင်း ထိန်းသိမ်းရေး မျှော်စင်ကို အင်ဒိုနီးရှား အာဏာပိုင်များထံ လွှဲပြောင်းပေးလိုက်ပြီးဖြစ်ရာ လေကြောင်း ထိန်းသိမ်းသူများသည် ယာယီလေကြောင်း ထိန်းသိမ်းရေးမျှော်စင်ကို အသုံးပြုတော့မည် မဟုတ်ဟု ဆိုသည်။

သယ်ယူလာ

ယင်းရွှေ့လျားလေကြောင်းထိန်းသိမ်းရေးမျှော်စင်အား စင်ကာပူမှနေ၍ စီ ၁၃၀လေယာဉ်ဖြင့် သယ်ယူလာခဲ့ပြီးနောက် ပြန်လည်တပ်ဆင်ပေးခဲ့ခြင်းဖြစ်သည်။ ယခုအခါ အဆိုပါ ရွှေ့လျားလေကြောင်း ထိန်းသိမ်းရေး မျှော်စင်၌ အင်ဒိုနီးရှား၊ ဩစတြေးလျနှင့် အမေရိကန်ပြည်ထောင်စုမှ လေကြောင်း ထိန်းသိမ်းသူများ လုပ်ငန်းဆောင်ရွက်ကြမည်ဖြစ်သည်။ လုပ်ငန်းစတင်သည်နှင့် လေကြောင်းထိန်းသိမ်းသူများသည် တစ်နေ့လျှင် လေကြောင်းခရီးစဉ် ၂၀၀ခန့်ကို ထိန်းကျောင်းပေးမည်ဖြစ်သည်။ ယာယီပြုလုပ်ထားသောလေကြောင်း ထိန်းသိမ်းရေးမျှော်စင်သည် ထိုမျှများပြားသော လေကြောင်းသွားလာမှုကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခြင်းမရှိဟု ဆိုသည်။

အလွန်များပြား

မိမိတို့၏ လေကြောင်းခရီးသွားလာရေးလုပ်ငန်းသည် တစ်နေ့လျှင် ၂၄နာရီဖြစ်သည့်အလျောက် လေကြောင်းခရီးသွားလာမှု အလွန်များပြားသည်ဖြစ်ရာ ယခုရွှေ့လျားလေကြောင်းထိန်းသိမ်းရေး မျှော်စင်သည်များစွာ အထောက်အကူရကြောင်း အင်ဒိုနီးရှား လေကြောင်းပျံသန်းမှု ဘေးကင်းရေးဌာန ညွှန်ကြားရေးမှူးနှင့် လေကြောင်းဆက်သွယ်ရေးဌာန ညွှန်ကြားရေးမှူးချုပ် ခရစ္စတင်းဘီဆာရာက ပြောကြားသည်။ **(အင်တာနက်)**

အကြမ်းဖက်မှု ဆန့်ကျင်နှိမ်နင်းရေး ကော်မတီ ဦးဆောင်ဦးရွက်ပြုရန် ဖိလစ်ပိုင်နိုင်ငံရွေးချယ်

မနီလာ ဇန်နဝါရီ ၉

ကုလသမဂ္ဂလုံခြုံရေးကောင်စီ (ယူအင်န်အက်စ်စီ)၏ အကြမ်းဖက်မှု ဆန့်ကျင်နှိမ်နင်းရေးကော်မတီကို ဦးဆောင်ဦးရွက်ပြုသွားရန် ဖိလစ်ပိုင်နိုင်ငံက ရွေးချယ်ထားကြောင်း ဖိလစ်ပိုင်သံတမန်တစ်ဦးက သောကြာနေ့၌ ပြောကြားလိုက်သည်။

ပြီးခဲ့သည့် အောက်တိုဘာ ၈ရက်၌ ယူအင်န်အက်စ်စီက ဆုံးဖြတ်ချက် အမှတ် ၁၅၆၆ဖြင့် ဖွဲ့စည်းခဲ့သည့် အဆိုပါ ကော်မတီက အကြမ်းဖက် လှုပ်ရှားမှုများတွင် ပါဝင်သည့် တစ်ဦးချင်း၊ အုပ်စုများ သို့မဟုတ် အဆောက်အအုံများအပေါ် လက်တွေ့ နှိမ်နင်းဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ထောက်ခံမှုပေးရန် တောင်းဆိုခဲ့သည်။

ပိုမိုအကျိုးထိရောက်

အဆိုပါ လက်တွေ့ နှိမ်နင်းဆောင်ရွက်မည့် လုပ်ငန်းများတွင် အကြမ်းဖက်မှု ကျူးလွန်သည့် လူတစ်ဦးချင်း၊ အုပ်စုများ သို့မဟုတ် အဆောက်အအုံများကို တရားရုံးသို့ ပို့ဆောင်တရားစွဲရန်အတွက် သင့်လျော်မည့် ပိုမိုအကျိုးထိရောက်သော လုပ်ထုံးလုပ်နည်းများအပြင် နေရင်းနိုင်ငံသို့ပြန်ပို့ခြင်း၊ ငွေကြေးပိုင်ဆိုင်မှုများကို ထိန်းချုပ်ခြင်း၊ အဖွဲ့ဝင်နိုင်ငံများမှတစ်ဆင့် ၎င်းတို့၏ လှုပ်ရှားမှုကို ဟန့်တားခြင်း၊ လက်နက်များ ဝယ်ယူရရှိခြင်း မရှိအောင်ဟန့်တားခြင်းတို့ပါဝင်သည်။

တာဝန်ပေး

ထို့ပြင် အကြမ်းဖက်ခြင်းခံရသူများနှင့် ၎င်းတို့၏ မိသားစုများအား လျော်ကြေးပေးရန်အတွက်နိုင်ငံတကာဆိုင်ရာ ငွေကြေးရန်ပုံငွေ ထူထောင်သွားရန် ဖြစ်နိုင်ချေရှိသည်များကို စဉ်းစားရန် အဆိုပါ ကော်မတီအား တာဝန်ပေးထားကြောင်း ကုလသမဂ္ဂဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံ၏ အမြဲတမ်းကိုယ်စားလှယ် လူဝါဘာဂျာက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဟောင်ကောင်၌ မိုးရွာသွန်းမှုလျော့နည်း ၂၀၀၄ခုနှစ်သည် အပူပြင်းဆုံးနှစ်တစ်နှစ်ဖြစ်ခဲ့

ဟောင်ကောင် ဇန်နဝါရီ ၉

ဟောင်ကောင်၌ ၂၀၀၄ခုနှစ်က နဝမမြောက် အပူနွေးဆုံးနှစ်ဖြစ်ခဲ့ပြီး (၁၇)ကြိမ်မြောက် အခြောက်သွေ့ဆုံးနှစ်ဖြစ်ခဲ့ကြောင်း ဟောင်ကောင်အစိုးရက ကြေညာချက်တစ်ရပ် သောကြာနေ့တွင် ထုတ်ပြန်ခဲ့သည်။

တစ်နှစ်ပျမ်းမျှအပူချိန်သည် ၂၃ ဒသမ ၄ဒီဂရီရှိပြီး သာမန်အထက် ၀ဒသမ၄ရှိခဲ့ကြောင်း သိရသည်။ ၂၀၀၄ခုနှစ်ဇွန်လက တောင်တရုတ်ကမ်းခြေ အနီးမှ မုတ်သုံမိုးရွာသွန်းမှုမှာလည်း လျော့နည်းခဲ့ကြောင်း၊ နေသာချိန်ပိုများပြီး အပူချိန်မြင့်မားခဲ့ကြောင်းသိရသည်။ ဇွန်လသည် အဌမမြောက် အပူပြင်းဆုံး ဖြစ်ခဲ့သည်။ အရှေ့မြောက်မုတ်သုံသည် အဆိုပါနှစ်၏ နောက်ဆုံးနှစ်လတွင် အားနည်းမှုလည်းဖြစ်ခဲ့ကြောင်း၊ ယင်းနှစ်လအတွင်း ပုံမှန်အပူချိန်ထက် ကျော်လွန်ခဲ့ကြောင်း သိရသည်။

ဦးတည်စေခဲ့

ယခုနှစ်တွင် ဟောင်ကောင်၌ အပူပိုင်းဆိုက်ကလုံး သုံးခုဖြစ်ပေါ်ခဲ့သည်။ ဆိုက်ကလုံးအများစုသည် ပစိဖိတ်အနောက်ပိုင်းမှ မြောက်နှင့်အရှေ့မြောက်သို့ ရွေ့လျားခဲ့ကြောင်း၊ ယင်းတို့သည် လူဇွန်နှင့်ထိုင်ဝမ်သို့ ဦးတည်စေခဲ့ကာ တောင်တရုတ်ပင်လယ်တွင် မဝင်ရောက်နိုင်ခဲ့ပေ။

ယင်းကဲ့သို့ဖြစ်ခြင်းကြောင့် ဟောင်ကောင်၌ ပုံမှန်မိုးမရွာသွန်းနိုင်ဘဲဖြစ်ခဲ့ရသည်။ မုတ်သုံမိုးသည် မေလနှင့် ဇွန်လတွင် ရွာသွန်းမှုလျော့နည်းခဲ့ကြောင်း၊ ၁၈၈၄ခုနှစ်မှစပြီး ဟောင်ကောင်၌ (၁၇)ကြိမ်မြောက် အပူပြင်းဆုံးနှစ်ဖြစ်ခဲ့ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဈေးဝယ်သူစည်ကား

တောင်ကိုရီးယားနိုင်ငံဆိုးလ်မြို့လယ်ရှိ အလှကုန်ပစ္စည်းများ ရောင်းချလျက်ရှိသည့် ဆိုင်တစ်ဆိုင်တွင် ဈေးဝယ်သူများဖြင့် စည်ကားနေသည်ကိုဇန်နဝါရီ ၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

၂၀၀၅ခုနှစ်တွင် ယူအေအီးနိုင်ငံပိုင်ဒူဘိုင်းကုမ္ပဏီ အလူမီနီယံ တိုးမြှင့်ရောင်းချမည်

ဒူဘိုင်း ဇန်နဝါရီ ၁၀

အာရပ်စော်ဘွားများနိုင်ငံ(ယူအေအီး)ပိုင် ဒူဘိုင်းအလူမီနီယံ ကုမ္ပဏီလီမိတက် (ဒူဘော်လ်)သည် ၂၀၀၅ခုနှစ်တွင် အလူမီနီယံရောင်းချမှုကို ၁၂ဒသမ ၆ရာခိုင်နှုန်း တိုးမြှင့်ဖွယ်ရှိကြောင်း တနင်္ဂနွေနေ့က ပြောကြားသည်။ ပြီးခဲ့သည့်နှစ်၌ အလူမီနီယံရောင်းချရရှိမှုသည် တန် ၇၅၅၀၀၀ ရှိခဲ့သည်ဟု ဆိုသည်။

ဈေးကွက်သည်နှစ်စဉ် ၄ရာခိုင်နှုန်းမှ ၅ရာခိုင်နှုန်းအထိ တိုးလာနေကြောင်း၊ ယခုနှစ်၌ တန် ၈၅၀၀၀၀ ရောင်းချရန်စီစဉ်ထားကြောင်း လုပ်ငန်းညွှန်ကြားရေးမှူး အဗ္ဗဒူလာ ကာလ်ဘန်က (၂၅)နှစ်မြောက် ဒူဘော်လ်နှစ်ပတ်လည်နေ့ ညီလာခံအပြီးတွင် သတင်းထောက်များကို ပြောကြားသည်။

ထုတ်လုပ်ခဲ့

ဒူဘော်လ်သည် ပြီးခဲ့သည့်နှစ်၌ တန် ၆၈၃၀၀၀ကျော် ထုတ်လုပ်ခဲ့ပြီး ၂၀၀၃ခုနှစ်၌ တန် ၅၆၀၀၀၀ ထုတ်လုပ်ခဲ့သည်ဟု ၎င်းက ပြောကြားသည်။

မိမိတို့သည် တရုတ်နိုင်ငံသို့ တိုးမြှင့်တင်ပို့ရန် စီစဉ်လျက်ရှိသည့်အပြင် ဂျပန်နိုင်ငံသို့လည်း တိုးမြှင့်တင်ပို့သွားမည်ဖြစ်ကြောင်း ဈေးကွက်ရှာဖွေရေးအကြီးအကဲ အာမက်ဖစ်ကရီးက ပြောကြားသည်။

အခက်အခဲနှင့်ကြုံ

သို့ရာတွင် ပင်လယ်ကွေ့ အလူမီနီယံ ပို့ကုန်အပေါ် အီးယူက၆ရာခိုင်နှုန်း အခွန်ကောက်ယူသည့် အခက်အခဲနှင့် ဒူဘော်လ်ကြုံနေရကြောင်း ၎င်းက ပြောကြားသည်။

(အင်တာနက်)

၂၀၀၅ခုနှစ်တွင် ပေကျင်းမြို့တော်၌ တည်ဆောက်ရေးလုပ်ငန်းများ၏စံနှုန်း မြို့တော်အုပ်ချုပ်ရေးအဖွဲ့က ထိန်းချုပ်မည်

ပေကျင်း ဇန်နဝါရီ ၉

တရုတ်နိုင်ငံ မြို့တော်ပေကျင်း၌ ၂၀၀၅ခုနှစ်တွင် အိမ်ရာတည်ဆောက်ရေးနှင့် အဆောက်အအုံ ဆောက်လုပ်ရေးဆိုင်ရာ အမှန်တကယ်ရှိရမည့် စံနှုန်းများကို သေချာစွာ စိစစ်ထိန်းချုပ်သွားမည်ဖြစ်ကြောင်း ပေကျင်းမြို့တော် မြူနီစီပယ်အုပ်ချုပ်ရေးအဖွဲ့မှ အရာရှိကြီးတစ်ဦးက ပြောကြားသည်။

လိုအပ်နေ

ပေကျင်းမြို့တော်ရှိ နေရာဒေသများတွင် စနစ်တကျမရှိခြင်းနှင့် မဆင်မခြင် တည်ဆောက်ခြင်းများကို ထိန်းချုပ်သွားရန် လိုအပ်နေပြီဖြစ်ကြောင်း ပေကျင်းမြို့တော် မြူနီစီပယ်အဖွဲ့၏ ပြင်ဆင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ညွှန်ကြားရေးမှူးဖြစ်သူ ဒန်ဇင်ယောင်က ကြာသပတေးနေ့၌ ပြောကြားသည်။

ထိန်းချုပ်သွားမည်

ပေကျင်းမြို့တော်တွင်ရှိသော ရုံးအဆောက်အအုံများ၊ အိမ်ခန်းကျယ်များ၊ ဟိုတယ်များနှင့် ကြီးမားသော ဈေးရောင်း အဆောက်အအုံများ၏ ဆောက်လုပ်ရေးလုပ်ငန်းများအား အရည်အသွေးသတ်မှတ်မှုကို ထိန်းချုပ်သွားမည်ဟု ဒန်က ပြောကြားသည်။

ပေကျင်းမြို့တော်တွင် စီးပွားရေးဆိုင်ရာ အဆောက်အအုံများ တိုးတက်များပြားလာခြင်းကြောင့် အဆောက်အအုံများ တည်ဆောက်မည့် မြေနေရာများ၏ အရည်အသွေးကိုလည်း ပေကျင်းမြို့တော် အုပ်ချုပ်ရေးအဖွဲ့က ထိန်းချုပ်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ပူတင်နှင့်ပိုလန်သမ္မတတို့ တယ်လီဖုန်းဖြင့်ဆွေးနွေး

မော်စကို ဇန်နဝါရီ ၁၀

ရုရှားနှင့် ပိုလန်နိုင်ငံတို့အကြား ပူးပေါင်း ဆောင်ရွက်မှုများပြုလုပ်ရန် ရုရှားသမ္မတဗလာဒီမာပူ တင်နှင့် ပိုလန်သမ္မတ အလက်ဇန္ဒားကဝပ်စ်နစ္စကီးတို့ တယ်လီဖုန်းဖြင့် စနေနေ့က ဆွေးနွေးပြောဆိုခဲ့ကြသည်ဟု ရုရှားမီဒီယာများက သတင်းထုတ်ပြန်သည်။

ဆွေးနွေးခဲ့

ရုရှားသမ္မတနှင့် ပိုလန်သမ္မတတို့သည် နိုင်ငံတကာ အခြေနေများနှင့် ပတ်သက်၍လည်း သဘောထားအမြင်များကို အပြန်အလှန် သုံးသပ်ဆွေးနွေးခဲ့ကြောင်း အိုင်တာတပ်စ်သတင်းဌာနက ပြောကြားသည်။

ထားရှိ

ရုရှားသမ္မတပူတင်က ရုရှားနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍ ကာကွယ်ပြောကြားရာတွင် ယခင်ဆိုဗီယက်ပြည်ထောင်စု၏ မဟာမိတ်နိုင်ငံများအား အနောက်အုပ်စုက သဘောထားနှစ်ခွ ထားရှိခဲ့ကြောင်း ပူတင်က စွပ်စွဲပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ပြသ

မြောက်အမေရိက နိုင်ငံတကာဆိုင်ရာ ကားပြပွဲကို ဒက်ထရိုက်မြို့ ကိုဘိုခန်းမကြီး၌ ကျင်းပလျက်ရှိရာ ခရက်စ်လာ-၃၀၀ မော်တော်ယာဉ်တစ်စီး ပြသထား သည်ကို ဇန်နဝါရီ ၉ရက်က တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)

ဇန်နဝါရီ ၉ရက်အထိ အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၁၃၅၃ဦးရှိပြီ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၀

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော် တိုက်ခိုက်ခဲ့ကြသည်။

ထိုသို့တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များသည် ယနေ့တိုင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက်ရှိကြသည်။

ထုတ်ပြန်

ဇန်နဝါရီ ၉ရက် တနင်္ဂနွေနေ့၌ အမေရိကန် ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၃၅၃ ဦး ရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၁၀၅၆ ဦးမှာ တိုက်ပွဲ၌ သေဆုံးခဲ့ကြသည်။

သေဆုံး

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၇၆ ဦး၊ အီတလီ ၁၉ ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခုနစ်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်း ကိုးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြား နှစ်ဦး၊ အက်စ်တိုးနီးယားနှင့် နယ်သာလန်နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒိုး၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်။

ပြောကြား

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၁၂၁၄ ဖြစ်ပြီး ယင်းအနက် ၉၄၇ ဦးမှာ တိုက်ပွဲ၌ သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

(အင်တာနက်)

ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို ဇန်နဝါရီ ၆ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကန်စစ်လေယာဉ်တစ်စင်း ပစ်မှတ်မှားပြီး ဗုံးကြဲတိုက်ခိုက် နေအိမ်တစ်လုံးပျက်စီး၊ လူ ၁၄ဦးသေဆုံး

အေအစ်သာ(အီရတ်) ဇန်နဝါရီ ၁၀

အမေရိကန် စစ်လေယာဉ်တစ်စင်းက အီရတ်မြောက်ပိုင်းတွင် အိမ်တစ်လုံးပေါ်သို့ မှားယွင်းပြီး ဗုံးကြဲချမိခဲ့သဖြင့် လူအချို့သေဆုံးခဲ့ရာ အမေရိကန်တို့အား မုန်းတီးဒေါသထွက်မှု ပိုမိုပြင်းထန်လာခဲ့သည်။

ထိုသို့ စနေနေ့နံနက်ပိုင်းက ဗုံးကြဲချမှုကြောင့် လူ၁၄ ဦးသေဆုံးခဲ့ရကြောင်း၊ အိမ်မှာ လုံးဝပြိုကျပျက်စီးသွားခဲ့ကြောင်း မိုဆူးလ်မြို့တောင်ဘက်ရှိ အေအစ်သာ ကျေးရွာနေလူထုက ပြောကြားသည်။

ထိုသို့ ပစ်မှတ်မှားယွင်းပြီး အက်ဖ်၁၆ တိုက်လေယာဉ်က ပေါင် ၅၀၀ ဗုံးတစ်လုံးကို ကြဲချမိခဲ့သဖြင့် လူငါးဦးထက်မနည်း သေဆုံးခဲ့ရသည်ဟု အမေရိကန်စစ်ဘက်က ပြောကြားသည်။

အီရတ်နိုင်ငံ၌ အရပ်သားများ သေဆုံးရမှုအတွက် အမေရိကန်တို့အပေါ် အီရတ်တို့၏ ဒေါသဖြစ်မှုသည် အီရတ်ရွေးကောက်ပွဲအပြီး နိုင်ငံအားချုပ်ကိုင်ရန် အမေရိကန်တို့၏ ကြိုးပမ်းမှုများကို ထိခိုက်စေခဲ့သည်။

အီရတ်နိုင်ငံ၌ ဖြစ်ပေါ်နေသော အကြမ်းဖက်မှုများကြောင့် တရားမျှတသော ရွေးကောက်ပွဲ ဖြစ်လာမည် မဟုတ်ကြောင်း ပြောဆိုကြပြီး ရွေးကောက်ပွဲကို သပိတ်မှောက်ရန် စီစဉ်ထားကြသည်။ အီရတ်ပြောက်ကျားအုပ်စုများ၊ အီရတ်အမျိုးသားရေး ဝါဒီများက အီရတ်မှနေ၍ နိုင်ငံခြားတပ်ဖွဲ့ဝင်များ ထွက်သွားစေလိုကြပြီး အာရပ် တိုက်ခိုက်ရေးသမားများက ရွေးကောက်ပွဲ ဖရိုဖရဲဖြစ်စေရန် လုပ်ဆောင်လျက်ရှိကြသည်။ လွန်ခဲ့သည့် သတင်းတစ်ပတ်အတွင်း၌ နိုင်ငံခြားသိမ်းပိုက်သူများနှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များကို အများဆုံးပစ်မှတ်ထားကာ ပြောက်ကျားတပ်ဖွဲ့ဝင်များက တိုက်ခိုက်ခဲ့ကြသဖြင့် လူပေါင်း ၁၀၀နီးပါး သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ

ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့လုပ်ငန်းရှင်းလင်း

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းရှင်းလင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်ရန်ကင်းမြို့နယ်ရှိ ရန်ကင်းပညာရေးကောလိပ်ခန်းမဆောင်၌ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးတက်ရောက် အမှာစကား ပြောကြားသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မိခင်နှင့်ကလေးတို့၏ ပညာရေး၊ ကျန်းမာရေး၊လူမှုရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးစီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)က ထောက်ပံ့သည့် စက်ဘီး ၁၄ စီးကို လွှဲပြောင်းပေးအပ်ရာ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်က လက်ခံသည်။

အဆိုပြုလွှာပေးအပ်

ယင်းနောက် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်က ခရိုင်အတွင်းရှိ မြို့နယ်များမှ ရာသက်ပန်အသင်းဝင်အဆိုပြုလွှာအစောင်၃၁၀၀ကို ပေးအပ်ရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက လက်ခံသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေး ဦးစီးမှူး ဒေါက်တာလှမြင့်က အသင်းဖွဲ့စည်းပုံနှင့်လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာနွယ်နီအုန်းက အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၉ ရက်က ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၁၃)ရပ်ကွက် အောင်မင်္ဂလာလမ်း သီရိမင်္ဂလာ ပရိယတ္တိစာသင်တိုက် (၁၀)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲအတွက် ဦးပြုံးချို-ဒေါ်ချမ်းမြအေးမိသားစုနှင့် အဖွဲ့က ဆွမ်းအလှူငွေ ကျပ်ခြောက်သောင်းကို ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

သဃ်န်းကျွန်းမြို့နယ် အမှတ်(၂၈) အခြေခံပညာမူလတန်းကျောင်း မိဘ ဆ ရာ အ သင်း နှစ် ပတ် လည် အ စည်း အဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၉ရက်က ကျောင်းခန်းမ၌ကျင်းပရာကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းနွဲ့က လေးနှစ်ဆက်တိုက် ပထမဆုရရှိသူ မနေခြည်စိုးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

မြန်မာ့သမဝါယမ ရာပြည့်အထိမ်းအမှတ် ထုတ်ကုန်ပြပွဲနှင့်အရောင်းပွဲတော် ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

မြန်မာ့သမဝါယမ ရာပြည့်အထိမ်းအမှတ် ထုတ်ကုန်ပြပွဲနှင့်အရောင်းပွဲတော် ၂၀၀၅ကို ယနေ့စတုတ္ထနေ့အဖြစ် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာ လမ်းသစ်ထောင့်ရှိ သမဝါယမကူးသန်းရောင်းဝယ်ရေးဗဟိုဌာန(ဆရာစံပလာဇာ)၌ နံနက် ၉နာရီမှ ည ၉နာရီအထိ ဆက်လက်ကျင်းပရာ ပွဲတော်လာပြည်သူများနှင့် စည်ကားလျက်ရှိသည်။

ပွဲတော်တွင် ပထမထပ်ခန်းမ၌ ကရင်ပြည်နယ် အထွေထွေစီးပွားရေး လုပ်ငန်း သမဝါယမအသင်းစုချုပ်မှ ရိုးရာအဝတ်အထည်များ၊ မြေညီထပ်တွင် မြဝတီမြို့နယ် အောင်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ အဓိကအခြေခံ ထုတ်ကုန်လုပ်ငန်းမှ ပန်းပုရုပ်မျိုးစုံ၊ အလှဆင်ပန်းပုရုပ်ကြီးများကို အထူးဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိသည်။

ကြည့်ရှုဝယ်ယူ

အလားတူ မြေညီထပ်တွင် ရန်ကုန်တိုင်းအတွင်းရှိ ကုန်ထုတ်သမဝါယမအသင်းများဖြစ်သော ဓာတုအင်ဂျင်နီယာ ကုန်ထုတ်သမဝါယမအသင်း၊ သတ္တုဗေဒအင်ဂျင်နီယာ ကုန်ထုတ်သမ ဝါယမအသင်း၊ စံပြအရောင်းဆိုင်များ၏ လူသုံးကုန်၊ စားသောက်ကုန်၊ အဝတ်အထည်၊ စာရေးကိရိယာ၊ အိမ်သုံးကုန် ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ကြည့်ရှုဝယ်ယူသူ ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

မြေညီထပ်နှင့် ပထမထပ်တွင် စစ်ကိုင်းတိုင်း အထွေထွေစီးပွားရေး လုပ်ငန်း၊ သမဝါယမအသင်းနှင့် တိုင်းအတွင်းရှိ မြို့နယ်များမှ ဒေသထွက်ကုန်များ၊ ငွေထည်ကြေးထည်ပစ္စည်းများ၊ ပရိဘောဂများ၊ ပန်းပုရုပ်များ၊ ဒေသထွက် အဝတ်အထည်များကိုလည်း ရောင်းချပေးလျက်ရှိသည်။

ဒုတိယထပ်တွင် ကချင်တိုင်းရင်းဆေး စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း လီမိတက်၏အဆီကျဖိုက်ချပ်၊ အသားရည်နုပျိုခြင်း၊ သွေးတိုး၊ ဆီးချိုစသည့် ရောဂါများပျောက်ကင်းသည့် ဆေးများ ရောင်းချပေးလျက်ရှိသည်။

ပုဂ္ဂလိက အရောင်းဆိုင်များတွင် အထည်မျိုးစုံ၊ လူသုံး အိမ်သုံးပစ္စည်းမျိုးစုံတို့ကို ရောင်းချပေးလျက်ရှိသည်။

အထူးစည်ကား

ထို့ပြင် ယူနိုက်တက်ကွန်တီနင်တယ် ထရေးဒင်းကုမ္ပဏီ အရောင်းဆိုင်တွင် အရှေ့တောင်အာရှ၌ စားသောက်ကုန် လုပ်ငန်း ထုပ်ပိုးပစ္စည်းများအဖြစ် ပြည်ပပို့ကုန် ပလတ်စတစ်ကြိုးအိတ် ပုံစံသစ်မျိုးစုံ ပြသရောင်းချလျက်ရှိပြီး ဖျော်ဖြေရေးစင်မြင့်မှလည်း နေ့စဉ် ပွဲတော်လာပြည်သူများကို အပန်းဖြေအနားယူ ကြည့်ရှုနိုင်ရန် ဖျော်ဖြေပေးလျက်ရှိရာ ပွဲတော်လာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၁-၁-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅။ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၆။ အကပြိုင်ပွဲ
- ၈:၀၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၁၅ ၈။ စလင်းရေလှောင်တမံ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၇:၂၅ ၇။ ခံစားနားဆင်တေးဓာတ်ဝင်
- ၁၇:၃၅ ၈။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၁၅ ၉။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဝူခုန်း"** (အပိုင်း-၅၈)
- ၁၈:၃၀ ၁၀။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၂။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၁၉:၂၀ ၁၃။ မြန်မာ့တကောင်းပျူတကောင်း (ကိုကျော်ဆွေ၊ မလှိုင်သန်းထွန်း) (ဣန္ဒာဆွေသီကုံးဖွဲ့နွဲ့သည်။)
- ၁၉:၄၅ ၁၄။ **အချုပ်အခြာအာဏာစွန့်ရှည်ကြာခိုင်မာစေမှု ဒို့ရေးရှု "စိုက်ပျိုးစွမ်းအားမြှင့်တင်နိုင် စီးပွားမဏ္ဍိုင်အခြေခိုင်"**
- ၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သံစဉ်မဲ့ချစ်သူ"** (အပိုင်း-၂၉)
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

ဓမ္မနုပဿနာသတိပဋ္ဌာန်ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၁၀

ဘိုကလေးမြို့နယ် မြင်းကကုန်းမြို့ မင်္ဂလာကန်ဦးကျောင်းတိုက်ကြီးတွင် မြင်းကကုန်းမြို့ သစ္စာဒီပကဝိပဿနာပြန့်ပွားရေးအသင်းကြီး၏ဓမ္မနုပဿနာခုနစ်ရက်တရားစခန်းပွဲကြီးကို ဆရာကြီးဦးကြည်၏ ဥပနိဿယနည်းအတိုင်း ရန်ကုန်မြို့ တောင်ဥက္ကလာပ မြင်သာ(၁၅)ရပ်ကွက် သာသနာ့နယ်မြေအမှတ်(၆)ဝိုင်း သစ္စာဒီပကဓမ္မရိပ်သာကြီး၏ ဦးစီးပဓာနနာယကဆရာတော် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ အရှင်ကုလာဘိဝံသက သုတ်၊ပါဠိတော်၊အဋ္ဌကထာ၊ဋီကာများ၏ အဆို၊အမိန့်များဖြင့် ဟောပြောပြသမည်ဖြစ်သည်။ တရားစခန်းဝင်ရောက်လိုသူများသည်(၁၃၆၆ခုနှစ် ပြာသိုလဆန်း၇ရက်မှ၁၃ရက်)ဇန်နဝါရီ၁၆ရက်မှ ၂၂ရက်အထိ လာရောက် အားထုတ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

သမဝါယမဝန်ကြီးဌာန

မြန်မာ့သမဝါယမရာပြည့်အထိမ်းအမှတ် ထုတ်ကုန်ပြပွဲနှင့်အရောင်းပွဲတော်-၂၀၀၅

မြန်မာ့သမဝါယမ
နှစ်တစ်ရာပြည့်
၁၉၀၅-၂၀၀၅

1905-2005
MYANMAR CO-OPERATIVES
CENTENARY

သမဝါယမကူးသန်းရောင်းဝယ်ရေးဗဟိုဌာန

ဆရာစံပလာဇာ

ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းသစ်ထောင့်၊ ဗဟန်းမြို့နယ်။
(၇-၁-၂၀၀၅ မှ ၁၃-၁-၂၀၀၅ ထိ)
နေ့စဉ်နံနက် (၉) နာရီမှ ည (၉)နာရီ

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် မြို့နယ်အဆင့်ကျန်းမာရေး အဆင့်မြင့်ကျောင်း ဆင့်ပွားသင်တန်းနှင့်ကျောင်းကျန်းမာရေးဆုပေးပွဲကို ဒီဇင်ဘာ၂၄ရက်က အထက(၁)တာမွေ ပင်လုံခန်းမတွင်ပြုလုပ်ရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးကျောင်းကျန်းမာရေးဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်သက်မြိုင်က မြို့နယ်မူလတန်းအဆင့် စံပြလွှန်ဆုရ အမက(၂၆) ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်ကြည်အား ဆုချီးမြှင့်စဉ်။ (၁၁၅)

လာရောက်တွေ့ဆုံ

ဇန်နဝါရီ ၁၀ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား အိန္ဒိယသမ္မတနိုင်ငံ CARE Foundation မှ Director Prof: A.K. Tiwari က နိုင်ငံခြားရေးဝန်ကြီး ဌာန ဝန်ကြီး၏ ရုံးခန်းသို့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ဆည်တမံစီမံကိန်းများ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက် စံချိန်စံညွှန်းမီ သတ်မှတ်ကာလထက် စောပြီးရေးကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၁၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်တို့သည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ညွှန်ကြားရေးမှူးချုပ်များလိုက်ပါ၍ ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းတွင် ပဲခူးခရိုင် ရွှေကျင်မြို့ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ရွှေကျင်ချောင်းပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် စီမံကိန်းမှ တာဝန်ရှိသူများ၏ လုပ်ငန်းပိုင်းဆိုင်ရာ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးများက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဝန်ကြီးများသည် ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ တမံတည်ဆောက်မည့် ပုံစံငယ်နှင့် စီမံကိန်းဒေသမှ တူးဖော်ရရှိသော ကျောက်သားနမူနာ၊ မြေသားနမူနာတို့ကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အရေးပေါ်ရေပိုလွှဲ၊ စီမံကိန်း၏ ဝဲဘက်ကမ်း၊ ယာဘက်ကမ်းနှင့် ရေယူအဆောက်အအုံတည်ဆောက်နေမှုလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦး၊ အတွင်းရေးမှူး ဗိုလ်ချုပ်တင်ထွတ်တို့သည် ရွှေကျင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ဝင်ရောက်၍ မြို့နယ်နှင့် ကျေးရွာမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံ၍ မြို့နယ်၏ စီးပွားရေးလုပ်ငန်းအခြေအနေ၊ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကို ဆွေးနွေးမှာကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလှူဒါန်းငွေနှင့်စာကြည့်တိုက်အတွက် စာအုပ်များကို လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဝန်ကြီးများနှင့်အဖွဲ့သည် ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာတောင်ဘက်တွင် တည်ဆောက်လျက်ရှိသော ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းရှင်းလင်းခန်းမဆောင်၌ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးများက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ဝန်ကြီးနှင့်အဖွဲ့သည် ရေပိုလွှဲ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေအားလျှပ်စစ်စက်ရုံတည်ဆောက်ခြင်းလုပ်ငန်း၊ ရေယူအဆောက်အအုံတည်ဆောက်ခြင်း လုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီးများသည် ဇန်နဝါရီ ၈ ရက်တွင် ဖြူးမြို့အနောက်တောင်ဘက် ကွန်းချောင်းပေါ်ရှိ ကွန်းချောင်းရေအား လျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းမှ တာဝန်ရှိသူများနှင့်အတူ ချဉ်းကပ်ဥမင်လိုဏ်အမှတ်(၂)နှင့်အမှတ်(၁) တည်ဆောက်ခြင်းလုပ်ငန်း၊ ရေခေါ်မြောင်းတည်ဆောက်ခြင်းလုပ်ငန်း၊ ရေထိန်းမျှော်စင် တည်ဆောက်ပြီးစီးမှုနှင့် ပင်မတမံတည်ဆောက်နေမှုလုပ်ငန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် စီမံကိန်းရှင်းလင်းခန်းမဆောင်၌လုပ်ငန်းပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ကြိုးပမ်းဆောင်ရွက်

ထိုသို့ဝန်ကြီးများသည် ပဲခူးတိုင်းအတွင်းရှိ ရေလှောင်တမံ ဘက်စုံစီမံကိန်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးရာ၌ စီမံကိန်းများမှ တာဝန်ရှိသူများအား ဌာနအချင်းချင်းပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး၊ မိမိတို့ဌာနအလိုက် တာဝန်ယူဆောင်ရွက်ရသော လုပ်ငန်းများကို သတ်မှတ်ကာလထက်စော၍ ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ လုပ်ငန်းသုံး ပစ္စည်းများ စံချိန်စံညွှန်း ပြည့်မီရေး၊ ပွင့်လင်းရာသီတွင် တည်ဆောက်ရေး ဝန်ထမ်းအားလုံး အင်တိုက်အားတိုက် အလုပ်လုပ်ကြရေး၊ လုပ်ငန်းသုံးယာဉ်နှင့် စက်ယန္တရားများကို စနစ်တကျကိုင်တွယ်မောင်းနှင်ထိန်းသိမ်းရေး၊ စက်သုံးဆီနှင့် ဘိလပ်မြေသုံးစွဲမှု အလေအလွင့် နည်းပါးရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

ဝန်ကြီးနှင့်အဖွဲ့သည် ဆက်လက်ထွက်ခွာရာ ရေးမြို့သို့ရောက်ရှိပြီး ရေးတပ်နယ်မှ ဗိုလ်မှူးချုပ်ရဲဝင်းနှင့်အတူ မြန်မာ့မီးရထားမှ တည်ဆောက်ထားသော ရေးမြစ်ကူးတံတား၏ ကြံ့ခိုင်မှုအခြေအနေနှင့် ရေးဘူတာရုံသစ်တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

အချိန်မှန်ပြေးဆွဲပေး

ဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းတွင် ရေးမြို့မှ သံဖြူဇရပ်မြို့အထိ အီးအမ်စီ သံလမ်းပြေးယာဉ်ဖြင့်လိုက်ပါ၍ မိုင်တိုင် ၂၆၇/၁၅ နှင့် ၂၆၇/၁၆ အကြားတွင် ၇၅ ပေါင်သံလမ်းနှင့် ဇလီဖားလဲလှယ်ခြင်းလုပ်ငန်းအားလည်းကောင်း၊ မိုင်တိုင်အမှတ် ၂၅၁/၇ နှင့် ၂၅၁/၈ အကြားရှိတံတားအမှတ်၁၅၇ လမိုင်းတံတားကြံ့ခိုင်မှုအခြေအနေကို လည်းကောင်း၊ မိုင်တိုင်အမှတ် ၂၂၅/၁၅ နှင့် ၂၂၅/၁၆ အကြားရှိ တံတားအမှတ် ၁၀၅ ကရုပ်ပွဲကြံ့ခိုင်မှုအခြေအနေကို လည်းကောင်း၊ မိုင်တိုင်အမှတ် ၂၂၅/၁၂ နှင့် ၂၂၅/၁၄ အကြားတွင် ဇလီဖားလဲလှယ်မှုနှင့် သံလမ်းခင်း ကျောက်ဖြည့်ခြင်းလုပ်ငန်းကို လည်းကောင်း၊ သံဖြူဇရပ်ဘူတာကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လမ်းပိုင်းအလိုက် တာဝန်ရှိသူများ ကိုယ်တိုင်မပြတ်စစ်ဆေးပြီး သံလမ်းနှင့်တံတားများ ကြံ့ခိုင်မှုကောင်းမွန်နေအောင် ဆောင်ရွက်ရေး၊ ရထားများ အချိန်မှန်ပြေးဆွဲပေးရေး၊ ခရီးသည်နှင့် ကုန်စည်များကို လုံခြုံချောမွေ့စွာ ပို့ဆောင်ပေးနိုင်ရန် ဦးတည်ဆောင်ရွက်ရေး၊ ဘူတာဝန်းကျင် သာယာလှပအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မော်လမြိုင်-ရေး ရထားလမ်းပိုင်း မိုင်တိုင်အမှတ် ၁၈၃/၁၉နှင့် ၁၈၃/၂၀ အကြားမှ မော်လမြိုင်ဘူတာရုံသစ်ကြီးနှင့် သံလွင်တံတား (မော်လမြိုင်)သို့ ချဉ်းကပ်ရထားလမ်းဖောက်လုပ်ရေးအတွက် မြေသားလုပ်ငန်းနှင့် သံလမ်းအသစ် ခင်းခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(နယ်စပ်/စည်ပင်)

လှိုင်သာယာမြို့နယ် အမှတ်(၄၄) အခြေခံပညာမူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၂ ရက်က ကျင်းပရာ တတိယတန်းတွင် ဒုတိယဆုရရှိသော မမိုးသဉ္ဇာဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းလှက ဆုချီးမြှင့်စဉ်။

(က-ပ)

✡ *ကျောဖုံးမှ*

ကျေးဇူးတင်စကား

ရေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက စက်ရေတွင်းပိုင်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အထိမ်းအမှတ်

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးသီဟသို့ အမှုဆောင်အရာရှိ ဦးစိုးသန်းက အထိမ်းအမှတ်အလံ ပေးအပ်ပြီးနောက် မြို့နယ်ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိတို့က မိုးပုံပူဖောင်းပါ ဖဲကြိုးကိုဖြတ်၍ ဖွင့်လှစ်ပေးပြီး တက်ရောက်ကြသည့် ဧည့်ပရိသတ်များက စက်ရေတွင်းအား ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

အဆိုပါစက်ရေတွင်းမှာ နှစ်လက်မတွင်းဖြစ်ပြီး အနက် ၁၁၃ ပေရှိ၍ လှူဒါန်းငွေကျပ် ငါးသိန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ထည့်ဝင်ငွေကျပ် သုံးသိန်း စုစုပေါင်း ငွေကျပ် ရှစ်သိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ တစ်နာရီရေထွက်နှုန်း ဂါလန် ၁၀၀၀ရှိသဖြင့် ကျေးလက်ပြည်သူလူထုသောက်သုံးရေ ဖူလုံစွာရရှိပြီဖြစ်ကြောင်း သိရသည်။

■ *ကျောဖုံးမှ*

ကျောဇီလျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ဦးစီးအရာရှိဦးသက်နိုင်က မြန်မာ့အလင်းသတင်းအဖွဲ့အား ကျောဇီမြစ်ရေတင်စီမံကိန်းကို ၂၀၀၃-၂၀၀၄ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ဆဲကာလတွင် မိုးစပါးစိုက်ပျိုးရေးအတွက် ရေပေးခဲ့ကြောင်း ရှင်းပြသည်။

၂၀၀၃-၂၀၀၄ မိုးစပါးရာသီတွင် ဧက ၄၀၀၀ လျာထားပြီး လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို စတင်ရေပေးခဲ့ရာ သတ်မှတ်လျာထားသော မိုးစပါးမြစ်ရေတင်ဧကထက် ကျော်လွန်သောဧက ၄၀၅၁ဧကစိုက်ပျိုးရေပေးနိုင်ခဲ့ကြောင်း သိရသည်။

စိုက်ပျိုးနိုင်

၂၀၀၄-၂၀၀၅ခုနှစ် မိုးစပါးစိုက်ပျိုးနိုင်ရန်ဧက ၄၃၀၀လျာထားရာ ၄၁၇၆ဧက စိုက်ပျိုးနိုင်ခဲ့သည်။ ကျောဇီစီမံကိန်းတွင်ဆက်စပ်မှုနှစ်ခုရှိသည်။ ဆည်မြောင်းဌာနမှ သာပေါင်းမှ ကျောဇီအထိ စွန်ကန်ရေလှောင်တမံရှိရာ ၎င်းဧရိယာတွင် ဧက ၂၀၀၀ကျော် စိုက်ပျိုးနိုင်ခဲ့ပြီး ကျောဇီလျှပ်စစ်မြစ်ရေတင် စီမံကိန်းအရ မြောင်းတူးပြီးသောအခါတွင် ဧက ၄၀၀၀ကျော် စိုက်ပျိုးနိုင်ခဲ့သည်။

စွန်ကန်ရေလှောင်တမံမှ မြစ်ရေကိုသိုလှောင်ပြီး ပြန်ထုတ်ပြီးနောက် စိုက်ပျိုးထားသော တောင်သူများအတွက် လိုအပ်သော အောင်ရေကို ကျောဇီမြစ်ရေတင်စီမံကိန်းမှ ရေဖြည့်စွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဧရာဝတီမြစ်ရေစုပ်တင်

ကျောဇီလျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် မြင်းခြံခရိုင် တောင်သာမြို့နယ် အနောက်မြောက်ဘက်ခြမ်း ကျောဇီ၊ ဆင်ဖြူ၊ ကန်တော်၊ ငါးပင်စဉ်၊ တမိုက်သာ၊ ရွာသစ်၊ သီးကုန်း၊ ကျွဲဇင်းကျေးရွာအုပ်စုများပါဝင်ပြီး ကျောဇီဒေသတွင် ဧရာဝတီမြစ်ရေကိုစုပ်တင်လျက် စိုက်ပျိုးမြေဧက ၈၀၀၀ ခန့် ရေပေးဝေမည့်စီမံကိန်းဖြစ်သည်။

၂၀၀၃-၂၀၀၄ခုနှစ်တွင် နွေစပါး စိုက်ပျိုးရန် ဧက၁၀၀၀လျာထားပြီး ၇၀၅ ဧကစိုက်ပျိုးခဲ့သည်။ ၂၀၀၄-၂၀၀၅ခုနှစ် နွေစပါးဧက၁၃၀၀စိုက် ရန်လျာထားသည်။ စီမံကိန်းဧရိယာဧက ၈၀၀၀ တွင် စပါးအတွက် ဧက ၄၀၀၀၊ ဆီထွက်သီးနှံ ဧက ၂၀၀၀ နှင့် အခြား သီးနှံဧက၂၀၀၀ စိုက်နိုင်ရန်လျာထားသည်။ ကျောဇီဒေသမှာ သဲဆန်သောမြေများဖြစ်ပြီး ယာမြေများဖြစ်သောကြောင့် ယာမြေမှ လယ်မြေဖြစ်စေရန် ပြုပြင်စိုက်ပျိုးကြသည်။

ရေတင်စက်ရုံ

ကျောဇီလျှပ်စစ်မြစ်ရေတင်စီမံကိန်းအရ ရေအရင်းအမြစ်မှာ ဧရာဝတီမြစ်မှ မြစ်ရေကို ပင်မရေတင်စခန်းမှ အမြင့်ပေ၉၀သို့ တိုက်ရိုက်စုပ်တင်ရန် (၇၅ ပေ x ပေ ၃၀ x°°၆ ပေ)ရှိသော ပွန်းတွန်းရေပေါ်စက်ရုံ နှစ်စီးဖြင့် ရေစုပ်ပန့်များ တပ်ဆင်စုပ်တင်သည်။ ထိုမှတစ်ဆင့် ရေတင်စခန်း(၂)နှင့်(၃)တို့တွင် (ပေ ၆၀ xပေ ၂၀ x၁၂ ပေ) ရေတင်စက်ရုံနှစ်ရုံတည်ဆောက်ပြီး ရေပေးဝေရန် ဆောင်ရွက်ထားသည်။

ကျောဇီလျှပ်စစ်မြစ်ရေတင်စီမံကိန်းကို နိုင်ငံတော်မှ မြို့ပြဆိုင်ရာစီမံကိန်းအတွက် ငွေကျပ် ၃၈၉၆ ဒသမ ၃၂ သိန်း၊ လျှပ်စစ်ဆိုင်ရာစီမံကိန်းအတွက် ငွေကျပ် ၄၄၂၆ ဒသမ ၁၄ သိန်း၊ ရေစုပ်စက်ဆိုင်ရာစီမံကိန်းအတွက် ငွေကျပ် ၆၄၅ ဒသမ ၂သိန်းနှင့် ရေယာဉ်တည်ဆောက်ခြင်းအတွက် ငွေကျပ် ၆၃၅ ဒသမ ၆ သိန်း စုစုပေါင်းခန့်မှန်း ကုန်ကျငွေကျပ် ၉၆၀၃ ဒသမ ၆ သိန်း အကုန်အကျခံ ဆောင်ရွက်ပေးခြင်းဖြစ်သည်။

သီးထပ်စွမ်းအားတိုးချဲ့

ယခုကဲ့သို့ ကျောဇီလျှပ်စစ်မြစ်ရေတင်စီမံကိန်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် မြင်းခြံခရိုင် တောင်သာမြို့နယ် အနောက်မြောက်ဘက်ခြမ်းဒေသတွင် သီးထပ်စွမ်းအား တိုးချဲ့စိုက်ပျိုးလာနိုင်မည်ဖြစ်၍ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းမည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း လေ့လာရေးသားဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ပထမအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲ ဖွင့်ပွဲအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။
(မြန်မာ့အလင်း)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ပထမအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားတွင် အဖွင့်အမှာ စကားပြောကြားစဉ်။
(မြန်မာ့အလင်း)

✡ **ရှေ့ဖုံးမှ**

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအဖွဲ့ဝင်များ၊ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. San Gun Kosavinta နှင့် တာဝန်ရှိသူများ၊ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အရှေ့တောင်အာရှနိုင်ငံများရှိ မြားပစ်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ၊ ဧည့်သည်တော်များ၊ ကျောင်းသား ကျောင်းသူများ၊ မြားပစ်အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့ဝင်များ၊ သရုပ်ပြအားကစားအဖွဲ့များက ကွင်းအတွင်းသို့ ဝင်ရောက်နေရာယူကြသည်။

တက်ရောက်နေရာယူ

ထို့နောက် ပြိုင်ပွဲဝင်အသင်းများဖြစ်သည့် အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နှင့် အိမ်ရှင်မြန်မာနိုင်ငံတို့မှ အုပ်ချုပ်သူ၊ နည်းပြများနှင့် ပြိုင်ပွဲဝင်အားကစားသမားများက ကွင်းအတွင်းသို့ အစီအစဉ်အတိုင်း ဝင်ရောက်နေရာယူကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် မြားပစ်ပညာရပ်မှာ မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်းများစွာကတည်းကပင် ထင်ရှားခဲ့သော ပညာရပ်ဖြစ်သော်လည်း အပြည်ပြည်ဆိုင်ရာ မြားပစ် အားကစားပြိုင်ပွဲများတွင်မူ မြန်မာမြားပစ်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့သည်မှာ နှစ်အနည်းငယ်ခန့်ပင် ကြာမြင့်သေးပါကြောင်း။

အကောင်အထည်ဖော်

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဖွဲ့စည်းခဲ့သည့်သက်တမ်းသည် နုနယ်သေးသော်လည်း မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ၊ မြန်မာနိုင်ငံ အိုလံပစ်

ကော်မတီ၊ အားကစားဝန်ကြီးဌာနတို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဒေသဆိုင်ရာ မြားပစ်ပြိုင်ပွဲများ၊ အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့မြားပစ်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်သကဲ့သို့ ယခုကဲ့သို့ ဒေသဆိုင်ရာ မြားပစ်ပြိုင်ပွဲများ၊ ဖိတ်ခေါ် မြားပစ်ပြိုင်ပွဲများကို မြန်မာနိုင်ငံတွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပပေးနိုင်ခဲ့သည်အထိ မြန်မာနိုင်ငံ၏ မြားပစ်အားကစားနည်းများကို အရှိန်အဟုန်ပြင်းစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံ၏ မြားပစ်အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အထောက်အကူပြုစေမည့် ယခုကဲ့သို့ ပထမအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပပေးနိုင်ခွင့်ရရှိခဲ့သည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ပြိုင်ပွဲဝင်နိုင်ငံများမှ ကမ္ဘာ့အဆင့် မြားပစ်အားကစားသမားများကို ကြိုဆိုပါကြောင်း။

ချစ်ကြည်ရင်းနှီးမှု

ယခု ပြိုင်ပွဲမှတစ်ဆင့်ရရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှုများကို အခြေခံလျက် အရှေ့တောင်အာရှဒေသအတွင်း အဖွဲ့ဝင်နိုင်ငံများ၏ ထားရှိပြီးဖြစ်သည့် ချစ်ကြည်မှု၊ အချင်းချင်းအပြန်အလှန်နားလည်မှုများ ပိုမိုရရှိစေမည်ဟု ယုံကြည်ထားပါကြောင်း။

ယခုကဲ့သို့ အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲမှ အားကစားသမားများ၏ အရည်အသွေးသာမက အိုလံပစ် မူများကိုအခြေခံကာ ချစ်ကြည်ရင်းနှီးမှုကိုလည်း ပိုမိုတိုးတက်ရရှိစေသည်ဟုလည်း ယုံကြည်ထားပါကြောင်း။

ပြိုင်ပွဲကာလ တိုတောင်းသောကာလအတွင်း ပြိုင်ပွဲဝင်များအနေဖြင့် မြန်မာနိုင်ငံ၏ အေးချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်မှု၊ ယဉ်ကျေးပျူငှာမှု၊ တိုးတက်ဖွံ့ဖြိုးသော မြန်မာတို့၏ ယဉ်ကျေးမှု၊ ဆက်ဆံမှုတို့ကိုလည်း မျက်ဝါးထင်ထင်ကြုံတွေ့၊ သိမြင်သွားရမည်ဖြစ်ပါကြောင်း၊ ထိုမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံအချင်းအချင်း အားကစားဖွံ့ဖြိုးမှုများအတွက် ပိုမိုကောင်းမွန်သော ချစ်ကြည်ရင်းနှီးမှုများကို တိုးတက်ရရှိသွားစေမည်ဖြစ်ပါကြောင်း။

ဆုမွန်ကောင်းတောင်း

နိဂုံးချုပ်အနေဖြင့် ယခုပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိကြသော ပြိုင်ပွဲဝင်နိုင်ငံအသီးသီးမှ အားကစားသမားများအနေဖြင့် အောင်မြင်မှုများ ရရှိကြရန် ဆုမွန်ကောင်းတောင်းပေးလိုပါကြောင်း၊ တစ်ဆက်တည်းမှာပင် ယခုပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပသွားနိုင်ရေးအတွက် တာဝန်ယူဆောင်ရွက်ပေးကြသော ပထမအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲ ကျင်းပရေးကော်မတီမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်နိုင်ငံအသီးသီးမှ အသင်းအုပ်ချုပ်သူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ မြားပစ်အားကစားဝါသနာရှင်များ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. San Gun Kosavinta က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမှူးပြု၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာ့အားကစား အောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. San Gun Kosavinta တို့က ဖဲကြိုးဖြတ်၍ ပထမအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

ယင်းနောက် ပထမအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲ ကျင်းပရေးအတွက် အလှူရှင်များဖြစ်ကြသည့် မြန်မာနိုင်ငံမြားပစ် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဇေကမ္ဘာကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ငွေကျပ်သိန်း ၁၀၀၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ACE ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးတင့်ဆန်းက ငွေကျပ် သိန်း ၁၀၀၊ ရွှေဂုံတိုင်အထူးကုဆေးခန်းအုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာဇော်ထွန်းက ငွေကျပ် သိန်း၁၀၀ နှင့် Asia Express ကုမ္ပဏီအုပ်ချုပ်မှု ဒါရိုက်တာ ဦးမောင်မောင်က ငွေကျပ် သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က လက်ခံသည်။

အာရှမြားပစ်အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ အရှေ့တောင် အာရှမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. San Gun Kosavinta က ပထမအကြိမ် အရှေ့တောင် အာရှ တံခွန်စိုက် မြားပစ်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားတွင် နှုတ်ခွန်းဆက် စကားပြောကြားစဉ်။
(သတင်းစဉ်)

ဆက်လက်၍ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်မှ အရှေ့တောင်အာရှမြားပစ်အဖွဲ့ချုပ်သို့ လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကို မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေကပေးအပ်ရာ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌက လက်ခံသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ်အဖြစ် အင်ဒီးယန်းကလပ်အားကစားအဖွဲ့က အားကစားသရုပ်ပြမှုများဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်မှ အားကစားသမားများက မြန်မာ့သိုင်းအားကစားဖြင့်လည်းကောင်း၊ လသာမြို့နယ် အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်းနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ် (၃)အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသူလေးများက အေရိုးဗစ်အားကစား လှုပ်ရှားမှုဖြင့်လည်းကောင်း သရုပ်ပြကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၇၆ဦး ပါဝင်ယှဉ်ပြိုင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်က အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ပထမအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲသို့ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူ၊ လာအိုနှင့် အိမ်ရှင်မြန်မာနိုင်ငံတို့မှ ပြိုင်ပွဲဝင် စုစုပေါင်း ၇၆ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဇန်နဝါရီ၁၃ ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

ပထမအကြိမ်အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲ ပြိုင်ပွဲဝင်အသင်းများမှမန်နေဂျာများ ညှိနှိုင်းစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁၀

ပထမအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက် မြားပစ်ပြိုင်ပွဲနှင့် စပ်လျဉ်း၍ ပြိုင်ပွဲဝင်အသင်းများမှ မန်နေဂျာများ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်း (မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. San Gun Kosavinta၊ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အထွေထွေအတွင်းရေးမှူး ဦးကျော်ဦးနှင့် အမှုဆောင်များ၊ မလေးရှားနိုင်ငံမှ Mr. Baharuddin Tamil နှင့် ဂျူရီအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများဖြစ်ကြသည့် အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူ၊ လာအိုနှင့် မြန်မာနိုင်ငံတို့မှ အသင်းမန်နေဂျာများနှင့် အသင်းခေါင်းဆောင်များ တက်ရောက်ကြသည်။

အမှာစကားပြော

ရှေးဦးစွာ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အမှာစကားပြောကြားသည်။

ယင်းနောက် အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. San Gun Kosavintaက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်မှ ဒေါက်တာ မြတ်သူရစိုးက ပြိုင်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဂျူရီအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူများနှင့် အသင်းခေါင်းဆောင်များက ပြိုင်ပွဲ ပွဲစဉ်များနှင့်စပ်လျဉ်း၍ အထွေထွေကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

* ရှေ့ဖုံးမှ

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရှမ်းတဲကြီးအောက်ကျေးရွာအနီး ရန်ကုန်-ပဲခူး ခြောက်လမ်းသွား လမ်းမကြီးဘေးရှိ ကွင်းအမှတ် ၁၀၈၈ လယ်မြေဧက၂၀၀အတွင်း D-Y(၃) ငမိုးရိပ်လက်တံမြောင်းရေဖြင့် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် နွေစပါးစိုက်ခင်းများကို လည်းကောင်း၊ လယ်မြေအတွင်း နွေစပါးပန်းတိုင်အထွက်နှုန်း ရရှိစေရေးအတွက် ဓာတ်မြေဩဇာနှင့် ဒေသထွက်သဘာဝမြေဩဇာရောစပ် ကြဲပက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တိုင်းမြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးအောင်ဆန်း၊ တိုင်းရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှူး ဦးမြင့်စိုး၊ တိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းနှင့် တာဝန်ရှိသူများက ငမိုးရိပ်လက်တံမြောင်းD-Y(၂)နှင့် ရှမ်းတဲကြီးချောင်းဆုံမှ D-Y(၂)မြောင်းနှင့် D-Y(၃)မြောင်းများကို မြောင်းပေါင်ဆင့်ခြင်း၊ မြေအနိမ့်အမြင့်ချိန်ခြင်း လုပ်ငန်းများဆောင်ရွက်ပြီး လျှပ်စစ်ရေတင်စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရှမ်းတဲကြီးကွင်းဧက၄၀၀၀ခန့်ကို စိုက်ပျိုးရေပေးဝေ၍ နွေစပါးစိုက်ပျိုးနိုင်မည့် အလားအလာများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နွေစပါးစိုက်ပျိုးရာသီကာလအတွင်း စိုက်ပျိုးရေလုံလောက်စွာရရှိစေရေးအတွက် လျှပ်စစ်ရရှိနိုင်သောနေရာများတွင် ကုန်ကျစရိတ်သက်သာသော လျှပ်စစ်ရေတင်စီမံကိန်းများ ဆောင်ရွက်ရန်၊ လျှပ်စစ်မရရှိနိုင်သည့်နေရာများတွင် စက်သုံးဆီနှင့် C.N.Gသဘာဝဓာတ်ငွေ့သုံး ရေစုပ်စက်များအသုံးပြုနိုင်ရေး စီမံဆောင်ရွက်ကြရန်နှင့် ရှမ်းတဲကြီးဒေသ စိုက်ပျိုးရေရရှိစေရေး စနစ်တကျ လေ့လာတွက်ချက်၍နည်းလမ်းရွေးချယ် ဆောင်ရွက်သွားကြရန် မှာကြားပြီး တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် သနပ်ပြင်ကျေးရွာ ကွင်းအမှတ် ၁၀၅၇ သို့ ရောက်ရှိပြီး ငမိုးရိပ်လက်ဝဲမြောင်းမကြီးမှရေဖြင့် စိုက်ပျိုးထားရှိသည့် နွေစပါးပန်းတိုင်အထွက်နှုန်း အထူးဇုန်ဧက ၅၀၀ စိုက်ခင်းအတွင်း ရေဆင်း(၃)စပါးမျိုးများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ လယ်မြေအတွင်း ဓာတ်မြေဩဇာနှင့် ဒေသထွက်သဘာဝမြေဩဇာ စုပေါင်းကြဲပက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တိုင်းမြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးအောင်ဆန်းနှင့် တာဝန်ရှိသူများက ဆည်ရေရရှိမှု၊ နွေစပါးစိုက်ပျိုးပြီးစီးမှုနှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရန်အတွက် နည်းပညာပေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လှည်းကူးမြို့နယ်သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင် မိုင် ၃၀ တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်စေရေးဧရိယာအတွင်း တည်ရှိနေသဖြင့် လေယာဉ်အတက်အဆင်းလမ်းကြောင်းတစ်လျှောက် အမြဲစိမ်းလန်းစိုပြည်နေစေရေး၊ နွေစပါး၊ဆောင်းသီးနှံ၊ပဲမျိုးစုံ၊ ဆီထွက်သီးနှံများ ကွက်လပ်မကျန်စိုက်ပျိုးကြရန်နှင့် နွေစပါးပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်စေရေးအတွက် စိုက်စနစ်မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ပေါင်းစပ်သုံးစွဲကြရေး ပညာပေးဆောင်ရွက်ကြရန် မှာကြားပြီး တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် လှည်းကူးမြို့နယ် အင်းတိုင်ကျေးရွာအုပ်စုအနီး လယ်မြေအကွက်အမှတ်၁၀၆၂အတွင်း နွေစပါး ဧက၃၀၀ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့်အခြေအနေ၊ လယ်မြေအတွင်း စိုက်ပျိုးရေရရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေလုံလောက်စွာ ရရှိစေရေးအတွက် လျှပ်စစ်ရေတင်စီမံကိန်း ဆောင်ရွက်နိုင်ရန် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် မင်းလွင်ကုန်းကျေးရွာရှိ ဆည်မြောင်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လဂွမ်းပြင်ဆည်ရေသောက် တူးမြောင်းလက်တံ (၁) လမ်းဖြတ် ရေငုတ်ပြွန်ဖောက်လုပ်မှုစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ယာယီရှင်းလင်းဆောင်၌ တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက လဂွမ်းပြင်ဆည်မှ ရေများကို လက်တံ(၁)မြောင်းမှ တစ်ဆင့် ယခုတည်ဆောက်လျက်ရှိသည့် ရေငုတ်ပြွန်ကို ဖြတ်သန်းစေပြီး လှည်းကူးမြို့နယ်အတွင်းရှိ လယ်မြေများသို့ စိုက်ပျိုးရေပေးဝေနိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရေငုတ်ပြွန်ဖောက်လုပ်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် လုပ်ငန်းခွင်အတွင်း စက်ယန္တရားကြီးဖြင့် ရန်ကုန်-ပဲခူး ခြောက်လမ်းသွား လမ်းမကြီးအောက်မှဖြတ်၍ အရှည်ပေ၁၀၀၊ အကျယ်လေးပေပတ်လည်ရှိ သံကူကွန်ကရစ် ရေငုတ်ပြွန် ဖောက်လုပ်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ယခု ဖောက်လုပ်ဆဲရေငုတ်ပြွန်ပြီးစီးသွားပါက လဂွမ်းပြင်ဆည်လက်တံမြောင်း(၁)မှ ရေကို ရန်ကုန်-ပဲခူးခြောက်လမ်းသွားလမ်းကိုဖြတ်၍ လှည်းကူးမြို့နယ်အတွင်းရှိ သနပ်ပင်၊ ကျီးကန်းသိုက်၊ အလံဗိုလ်၊ ဆန်နီကုန်းကျေးရွာများရှိ လယ်မြေများသို့ စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်၍ လုပ်ငန်းများ အမြန်ပြီးစီးစေရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရန် မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ငမိုးရိပ်လက်ဝဲပင်မတူးမြောင်း ရေခွဲထိန်းအဆောက်အအုံသို့ရောက်ရှိပြီး ငမိုးရိပ်ဆည်မှ ရေကို လက်ဝဲတူးမြောင်းမကြီးနှင့် လက်ဝဲလက်တံအမှတ်(၂)တို့မှတစ်ဆင့် လှည်းကူးမြို့နယ်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အတွင်းရှိ အကျိုးပြုလယ်မြေ၃၂၅၉ဧကကို စိုက်ပျိုးရေပေးဝေလျက်ရှိသည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူလယ်သမားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နွေစပါးပန်းတိုင်အထွက်နှုန်းပြည့်မီကျော်လွန်စေရေးကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး တောင်သူလယ်သမားများ၏တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် မင်္ဂလာဒုံမြို့နယ်နှင့် လှည်းကူးမြို့နယ်အစပ် ရန်ကုန်-ပဲခူးခြောက်လမ်းသွား လမ်းမကြီးဘေးရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ်က စိုက်ပျိုးလျက်ရှိသည့် လယ်မြေ ၈၃ ဧကသို့ ရောက်ရှိပြီး လယ်မြေအတွင်း ပန့်နှစ်လုံးဖြင့် လျှပ်စစ်ဖြင့်ရေတင်ပြီး လယ်မြေအတွင်း စိုက်ပျိုးရေပေးသွင်းလျက်ရှိသည့်အခြေအနေကို လည်းကောင်း၊ လယ်မြေတစ်ခွင်တစ်ပြင်စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်ရေးအတွက် မြေပေါ်မြောင်းများ၊ ရေသွယ်မြောင်းများဖောက်လုပ်လျက်ရှိသည့် အခြေအနေ၊ လယ်မြေအတွင်း ရွှေနံ့သာ(၉)၊ ဒဂုံသီရိညှော်မထစေ စသည့်အထွက်ကောင်းမျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုးလျက်ရှိသည့် အခြေအနေ၊ လယ်ခင်းပေါင်များ တစ်လျှောက်စားပင်သီးပင်များစိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ပံ့ပိုးဖြည့်ဆည်းပေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နွေစပါး ပန်းတိုင်အထွက်နှုန်းရရှိစေရေး၊ နွေစပါးခင်းများအတွင်း စိုက်ပျိုးရေ လုံလောက်စွာ ပေးသွင်းနိုင်ရန်အတွက် မြေပေါ်မြောင်းများ၊ ရေသွယ်မြောင်းများ အမြန်ပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားကာ တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် လျှပ်စစ်ရေတင်စီမံကိန်းမှ တင်ယူရရှိသည့် စိုက်ပျိုးရေများကို အမှတ်(၃)လမ်းမကြီးကို ဖြတ်၍ ဘားလားဒေသရှိ လယ်မြေဧက၃၀၀ စိုက်ပျိုးရေပေးဝေနိုင်ရေး၊ လမ်းဖြတ် ရေငုတ်ပြွန်ဖောက်လုပ်လျက်ရှိသည့် အခြေအနေကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ဘားလား အမှတ် (၂)တံတားတည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ လုပ်ငန်းရှင်းလင်းဆောင်၌ တိုင်းအင်ဂျင်နီယာမှူးကြီး ဦးညွန့်မောင်ဆန်းက ဘားလားအမှတ်(၂)တံတားတည်ဆောက်လျက်ရှိသည့် အခြေအနေနှင့် ရန်ကုန် အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃)လမ်းမကြီးတို့ကို ဆက်သွယ်ထားသည့် မြို့ပတ်လမ်း ကတ္တရာခင်းကျင်းလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် မြို့ပတ်လမ်းပေါ်၌ တည်ဆောက်လျက်ရှိသည့် အရှည်၆၅ ပေ၊ အကျယ် ၃၆ပေရှိ သံကူကွန်ကရစ်အမျိုးအစား ဘားလားအမှတ်(၂) တံတား တည်ဆောက်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ ရန်ကုန် အမှတ်(၂) လမ်းနှင့် အမှတ်(၃)လမ်းတို့ကို ဆက်သွယ်ထားသည့် အရှည် ၁၂ မိုင်၊ အကျယ်၁၈ပေရှိ မြို့ပတ်လမ်းကို အရှည်၉မိုင် ကတ္တရာလမ်းခင်းကျင်းပြီးစီးမှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအားလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းမီစွာဖြင့် အမြန်ပြီးစီးစေရေး အင်တိုက်အားတိုက် ဆောင်ရွက်ကြရန်မှာကြားပြီး တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီးဦးဉာဏ်ဝင်းနှင့်ဇနီးတို့က သံတမန်များအား နှစ်သစ်ကူးညစာစားပွဲဖြင့်တည်ခင်းဧည့်ခံ

ရန်ကုန် ဇန်နဝါရီ ၁၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီးဒေါ်မြင့်မြင့်စိုးတို့က မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား ယနေ့ညဂနာရီတွင် ရန်ကုန်မြို့ရှိ မြရိပ်ညိုရွှိုင်ရယ်ဟိုတယ်၌ နှစ်သစ်ကူးညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ညစာစားပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်မြဝင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mme. Phoebe A. Gomez အမှူးပြုသော သံအမတ်ကြီးများနှင့် ဇနီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ဇနီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Charles James Petrieနှင့် ဌာနေကိုယ်စားလှယ်များနှင့် ဇနီးများ တက်ရောက်ကြသည်။

ညစာစားပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက နှစ်သစ်ကူးကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mme. Phoebe A. Gomez က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကများဖြင့် သီဆိုကပြဖျော်ဖြေသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ၃ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ပညာရေးစုံညီပွဲတော်နှင့် ဆုပေးပွဲကျင်းပရာ သုံးနှစ်ဆက်တိုက် ကျောင်းတက်ရက်မှန်ဆုရရှိသူ ဆရာမဒေါ်ဖြူဖြူသင်းအား ကျောင်းအုပ်ဆရာကြီးဦးထွန်းပွားက ဆုချီးမြှင့်စဉ်။ (က-ပ)

ဘွားအိမ်ပြည့် နှစ်တစ်ရာပြည့် အထိမ်းအမှတ်မွေးနေ့ အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

မန္တလေးတိုင်း တောင်သာမြို့နယ် ဝဲလောင်ကျောက်ကာကျေးရွာဇာတိ ဒေါ်အိမ်ပြည့် (ဘွားအိမ်ပြည့်)၏ အသက် ၁၀၀ပြည့် (နှစ်တစ်ရာပြည့်)အထိမ်းအမှတ် မွေးနေ့အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ ဒက္ခိဏာရုံပရိယတ္တိ စာသင်တိုက်၌ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းနှင့်ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့်ဇနီး၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့်ဇနီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၏ဇနီး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တရားတော်နာယူ

ရှေးဦးစွာ လမ်းမတော်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သရက်တောကျောင်းတိုက် မှန်ကျောင်းဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာဇောတထံမှ ဘွားအိမ်ပြည့်၊ ဝန်ကြီးများနှင့် ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော တရားတော်များကို နာယူကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဘွားအိမ်ပြည့်၏ဂုဏ်ပုဒ်ကို အဆိုတော်ဦးထွန်းရွှေက ရှစ်ဆယ်ပေါ်တေးထပ်ဖြင့် ဂုဏ်ပြုသည်။

နေ့ဆွမ်းဆက်ကပ်

ယင်းနောက် ဆရာတော် သံဃာတော်များအား ဘွားအိမ်ပြည့်၊ ဝန်ကြီးများနှင့်ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ၃ရက်က တောင်ဥက္ကလာပမြို့နယ် အလက(၅)တွင်ကျင်းပရာ သုံးနှစ်ဆက်တိုက် ပထမရရှိသော ကျောင်းသားမောင်ပြုံးမောင်မောင်ကျော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ညိုအေးက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၇) အခြေခံပညာမူလတန်းကျောင်း ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ရက်ကကျင်းပရာ Grade 5 တွင် ဘက်စုံထူးချွန်ပထမဆုရရှိသော မနန်းခင်ဖုန်းမိုအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေဝမ်းက ဆုချီးမြှင့်စဉ်။ (က-ပ)

သဘာဝဓာတ်ငွေ့ဖြင့် မောင်းနှင်သော မော်တော်ယာဉ်များအကြောင်းသိကောင်းစရာ

မြင့်ဖွေး
(စွမ်းအင်)

သဘာဝဓာတ်ငွေ့ဖြင့် မောင်းနှင်သော မော်တော်ယာဉ်များကို ကမ္ဘာတစ်ဝန်းမှ NGV (Natural Gas Vehicle) ဟု ခေါ်တွင်ကြသည်။ မော်တော်ယာဉ်များသည် အများအားဖြင့် Internal Combustion Engine (I.C Engine)ဖြင့် မောင်းနှင်ကြသည်။ I.Cအင်ဂျင်မှာ လေနှင့်လောင်စာဆီရောနှောပြီး လေထဲမှ အောက်ဆီဂျင်နှင့် လောင်စာဆီထဲမှ ဟိုက်ဒြိုကာဗွန်တို့ မီးလောင်ပေါက်ကွဲပြီး ရရှိလာသော အပူစွမ်းအင်မှ စက်မှုစွမ်းအင်သို့ ပြောင်းလဲစေပြီး အင်ဂျင်ကိုလည်ပတ်စေခြင်း ဖြစ်သည်။ လောင်စာဆီအမျိုးမျိုးရှိကြရာ I.Cအင်ဂျင်များတွင် အသုံးပြုကြသောဆီများမှာ (၁)ဓာတ်ဆီ၊ (၂)ဒီဇယ်ဆီ၊(၃)သဘာဝဓာတ်ငွေ့(NG)၊ (၄)ရေနံဓာတ်ငွေ့ရည် (LPG)၊ (၅)မက်သနော၊ (၆)အက်သနော၊ (၇) သဘာဝဓာတ်ငွေ့ရည် (LNG) စသည်တို့ ဖြစ်ကြပါသည်။ နိုင်ငံတကာ မော်တော်ယာဉ်ထုတ်လုပ်သောစက်ရုံများသည် များသောအားဖြင့် ဓာတ်ဆီဖြင့် မောင်းနှင်သော မော်တော်ယာဉ်နှင့် ဒီဇယ်ဖြင့်မောင်းနှင်သော မော်တော်ယာဉ်များကိုသာ ထုတ်လုပ်ရောင်းချကြပါသည်။ သဘာဝဓာတ်ငွေ့၊ ရေနံဓာတ်ငွေ့ရည်၊ မက်သနော စသည့် ဆီများဖြင့်မောင်းနှင်ရန် မော်တော်ယာဉ်များကိုမူ ဝယ်ယူလိုသူပေါ် မူတည်ပြီး သီးခြားထုတ်လုပ်ပေးရမည်ဖြစ်သည်။ သို့ဖြစ်၍ သဘာဝဓာတ်ငွေ့(NG) အလွယ်တကူရနိုင်သောနေရာများတွင် သုံးစွဲနေကြသည့် ဓာတ်ဆီနှင့် ဒီဇယ်မော်တော်ယာဉ်များကို CNG Conversion Kit များ တပ်ဆင်ပြီး အလွယ်တကူသုံးစွဲနိုင်အောင် စီစဉ်ကြပါသည်။

မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့နှင့် မောင်းနှင်ရာ၌ မော်တော်ယာဉ်ပေါ်တွင် သဘာဝဓာတ်ငွေ့များများ သယ်ဆောင်သွားနိုင်ရန် ဖိအားများများဖြင့် ဖိနှိပ်သိုလှောင်သယ်ဆောင်ရပါသည်။ သို့မှသာ ခရီးဝေးဝေး မောင်းနှင်နိုင်မည်ဖြစ်ပါသည်။ သဘာဝဓာတ်ငွေ့ကို ဖိအားဖြင့် ထည့်သွင်းသုံးစွဲခြင်းကြောင့် CNG (Compressed Natural Gas) ဟု ခေါ်ဝေါ်ခြင်း ဖြစ်ပါသည်။ သာမန်လေထုဖိအားတွင်ရှိသော သဘာဝဓာတ်ငွေ့ကို ဖိအား (၃၀၀၀psi)သို့ ဖိနှိပ်လိုက်ပါက အဆ၂၅၀ခန့် ကျုံ့သွားမည်ဖြစ်ပါသည်။ သို့ပါ၍ မော်တော်ယာဉ်ပေါ်တွင် နေရာကျဉ်းကျဉ်းဖြင့် ဓာတ်ငွေ့များများ သယ်ဆောင်နိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်လည်း လက်ရှိဓာတ်ဆီနှင့် ဒီဇယ်မော်တော်ယာဉ်များကို CNG Conversion Kit များ တပ်ဆင်မောင်းနှင်နေရာ ထို CNG သုံးပစ္စည်း ကိရိယာများနှင့် ပတ်သက်၍ မော်တော်ယာဉ်ပိုင်ရှင်များ၊ မော်တော်ယာဉ်မောင်းနှင်သူများနှင့် စိတ်ဝင်စားသူ ပြည်သူများ လေ့လာသိရှိနိုင်ရန် တင်ပြလိုက်ပါသည်။

ပထမကဏ္ဍအနေဖြင့် ဓာတ်ဆီမော်တော်ယာဉ်များတွင် တပ်ဆင်သည့် CNG Kitများ အကြောင်း တင်ပြမည်ဖြစ်ပါသည်။ ရန်ကုန်မြို့တွင် တပ်ဆင်နေသော (NGV) ယာဉ်လတ်များမှာ ယခုတင်ပြသည့် CNG Kit ကို အသုံးပြုထားပါသည်။

CNG Conversion Kit



ပုံ (၁)

(၁) သဘာဝဓာတ်ငွေ့သိုလှောင်အိုး
(၂) သဘာဝဓာတ်ငွေ့ထိန်းညှိကိရိယာ
(၃) ဓာတ်ငွေ့ပိုက်
(၄) ဓာတ်ငွေ့အဖွင့်အပိတ်အဆို့ရှင်
(၅) ဓာတ်ငွေ့နှင့်လေရောနှောကိရိယာ
(၆) ဓာတ်ဆီအဖွင့်အပိတ်အဆို့ရှင်
(၇) ဓာတ်ငွေ့ဖိအားပြကိရိယာ
(၈) ဓာတ်ငွေ့နှင့်ဓာတ်ဆီပြောင်းလဲပေးသည့် လျှပ်စစ်ခလုတ်
(၉) ဓာတ်ငွေ့ပိုက်ပျော့
(၁၀) ဓာတ်ဆီပိုက်ပျော့
(၁၁) ရေပိုက်ပျော့
(၁၂) ဝါယာကြိုး

ပုံ(၁)တွင်ဖော်ပြထားသော ပစ္စည်းများမှာ ဓာတ်ဆီမော်တော်ယာဉ်တစ်စီးအား သဘာဝဓာတ်ငွေ့ဖြင့်မောင်းနှင်ရန် တပ်ဆင်ရမည့် လိုအပ်သည့်ပစ္စည်းများ ဖြစ်ပါသည်။ ကာဘရိုက်တာနှင့်မောင်းနှင်သော ဓာတ်ဆီအင်ဂျင်များတွင် တပ်ဆင်သော Kitဖြစ်ပါသည်။ EFI (Electronic Fuel Injection) မော်တော်ယာဉ်များအတွက် ပစ္စည်းအချို့ ပြောင်းလဲမှုရှိပါသည်။ ပုံ(၁)တွင် ပါဝင်သော သဘာဝဓာတ်ငွေ့သုံးပစ္စည်းများအား မော်တော်ယာဉ် တစ်စီးတွင် နေရာတကျတပ်ဆင်ပုံကိုအောက်တွင် ဖော်ပြထားပါသည်။

NGV ယာဉ်တွင် CNG Kit တပ်ဆင်ထားပုံ



ပုံ (၂)

သဘာဝဓာတ်ငွေ့သုံးပစ္စည်းများတွင် အဓိက အရေးကြီးဆုံး ပစ္စည်းနှစ်မျိုးမှာ ပုံ(၂)တွင် ဖော်ပြထားသည့် အမှတ်စဉ်(၁) သဘာဝဓာတ်ငွေ့သိုလှောင်အိုး (CNG Cylinder) နှင့် အမှတ်စဉ်(၂) သဘာဝဓာတ်ငွေ့ထိန်းညှိကိရိယာ (CNG Regulator)တို့ ဖြစ်ကြပါသည်။ထိုပစ္စည်းနှစ်မျိုးအကြောင်းကို နောက်ပိုင်းတွင် အသေးစိတ် ရှင်းပြထားပါသည်။

ပုံ(၂)တွင် မြင်တွေ့ရသည့် အတိုင်း သဘာဝဓာတ်ငွေ့သိုလှောင်အိုးများကို မော်တော်ယာဉ်၏နောက်ပိုင်း ပစ္စည်းထားသည့်အခန်းတွင် ထိုင်ထားပါသည်။ ပစ်ကပ်နှင့် ထရပ်စသည့် ယာဉ်မျိုးတွင် ယာဉ်၏ နောက်ပိုင်းတွင်သော်လည်းကောင်း၊ ယာဉ်ဘော်ဒီ၏ အောက်ပိုင်းတွင်သော်လည်းကောင်း နေရာကျယ်ဝန်းမှု၊ မြေပြင်နှင့် ကွာဝေးမှု၊ ဓာတ်ငွေ့အိုးထိုင်မည့်နေရာ၏ တောင့်တင်းခိုင်ခံ့မှု စသည်တို့ကို စစ်ဆေးပြီး တပ်ဆင်ရပါသည်။

မော်တော်ယာဉ်နောက်ပိုင်းရှိ သဘာဝဓာတ်ငွေ့သိုလှောင်အိုးမှာ ယာဉ်ပေါ်မူတည်ပြီး ပုံ(၂) အမှတ်စဉ်(၃) ၁/၄ လက်မ၊(သို့မဟုတ်)၃/၈လက်မပိုက် (Tubing)နှင့် မော်တော်ယာဉ်အောက်ပိုင်း Frameဘေးလုံခြုံစိတ်ချရသော လမ်းကြောင်းတစ်လျှောက်မှ အင်ဂျင်ခန်းသို့ အရောက်ဆက်သွယ်ရပါသည်။ အဆိုပါပိုက်သည် Steelအမျိုးအစားဖြစ်ပြီး ဖိအား(၃၀၀၀ psi)ခံနိုင်ပါသည်။ ပွန်းပဲ့မှုမဖြစ်အောင် ပိုက်အား ပလတ်စတစ်ပိုက်အပေါ်မှ အုပ်ထားပေးပါသည်။

မော်တော်ယာဉ်နောက်ခန်းမှ သွယ်တန်းလာသော ပိုက်သည် အင်ဂျင်ခန်းအတွင်းသို့ရောက်သောအခါ ပုံ(၂) အမှတ်စဉ်(၄) ဓာတ်ငွေ့ အဖွင့်အပိတ် အဆို့ရှင်သို့ ဆက်သွယ်ထားပါသည်။ ထိုအဆို့ရှင်သည် လျှပ်စစ်နှင့် အဖွင့်အပိတ်လုပ်သော အဆို့ရှင်ဖြစ်ပါသည်။ ဓာတ်ငွေ့သိုလှောင်အိုးနှင့် Regulator ကြားတွင် တပ်ဆင်ထားခြင်းဖြစ်ပြီး ကားစက်ရပ်ရန် ကားသော့အား ပိတ်လိုက်သည့်အခါ အဆိုပါအဆို့ရှင်လည်း ပိတ်သွားပြီး ဓာတ်ငွေ့ပြတ်တောက်သွားမည်ဖြစ်ပါသည်။ အဆိုပါအဆို့ရှင်တွင် သဘာဝဓာတ်ငွေ့သိုလှောင်အိုးအတွင်းသို့ ဓာတ်ငွေ့ ဖြည့်သွင်းရန် Connection တစ်ခုပါဝင်ပြီး အဆိုပါလိုင်း အဖွင့်အပိတ်အတွက် လက်လှည့်အဆို့ရှင်တစ်ခုလည်း တပ်ဆင်ထားပါသည်။

ဓာတ်ငွေ့အဖွင့်အပိတ်အဆို့ရှင်မှ အထွက်ပိုက်သည် သဘာဝဓာတ်ငွေ့ ထိန်းညှိကိရိယာသို့ ဝင်ပါသည်။ အဝင်ဖိအား (၃၀၀၀psi) အထိခံနိုင်အောင် တည်ဆောက်ထားပါသည်။ အထွက်တွင် သာမန်လေထုဖိအားဖြင့် ထွက်လာပြီး ကာဘရိုက်တာထိပ်တွင် ထိုင်ထားသော ပုံ(၂) အမှတ်စဉ်(၅) ဓာတ်ငွေ့နှင့် လေရောနှောကိရိယာသို့ ပိုက်ပျော့မှတစ်ဆင့် ဝင်ရောက်ပါသည်။

အင်ဂျင်ခန်းအတွင်း ဓာတ်ဆီလိုင်းတစ်နေရာတွင် ပုံ(၂) အမှတ်စဉ်(၆) ဓာတ်ဆီအဖွင့်အပိတ်အဆို့ရှင်တစ်ခု တပ်ဆင်ထားပါသည်။ လျှပ်စစ်ဖြင့် အဖွင့်အပိတ်ပြုလုပ်ပါသည်။ ယာဉ်မောင်းမှ ဓာတ်ငွေ့ဖြင့်မောင်းနှင်လိုလျှင် ဓာတ်ငွေ့ခလုတ်ကို ဖွင့်လိုက်ပါက ဓာတ်ဆီအဆို့ရှင်မှာ ပိတ်နေမည်ဖြစ်ပြီး ဓာတ်ဆီဖြင့်မောင်းနှင်လိုလျှင် ဓာတ်ဆီခလုတ်ကို ဖွင့်လိုက်ပါက ဓာတ်ဆီအဆို့ရှင် ပွင့်သွားမည်ဖြစ်ပါသည်။

မော်တော်ယာဉ် မောင်းနှင်ခန်းအတွင်းတွင် ပုံ(၂) အမှတ်စဉ်(၇) ဓာတ်ငွေ့ဖိအားပြကိရိယာ တပ်ဆင်ထားပါသည်။ ကားသော့ဖွင့်လိုက်သည်နှင့် ဓာတ်ငွေ့အိုးအတွင်းရှိ ဖိအားအနည်းအများကို မီးလုံးလေးများဖြင့် ပြသပါသည်။ ဖိအားအပြည့်ရှိလျှင် မီးလုံးလေးလုံးစလုံး လင်းမည်ဖြစ်ပြီး ဖိအားလျော့သွားသည့် အချိုးအတိုင်း မီးလုံးတစ်လုံးခြင်း ငြိမ်းသွားမည်ဖြစ်ပါသည်။ ယာဉ်မောင်းခန်းအတွင်းတွင် တပ်ဆင်ထားသည့်အတွက် ယာဉ်မောင်းအနေနှင့် မိမိကားထဲတွင် ဓာတ်ငွေ့မည်မျှကျန်သေးသည်ကို ယာဉ်မောင်းရင်းဖြင့် အလွယ်တကူသိရှိနိုင်ပါသည်။ ဖော်ပြပါ Electronic Gauge အပြင် မြားတံဖြင့် ပြသော Pressure Gauge တစ်ခုပါ ဓာတ်ငွေ့အဖွင့်အပိတ် အဆို့ရှင်တွင် တပ်ဆင်ပေးထားပါသည်။

ယာဉ်မောင်းခန်းအတွင်းတွင် ပုံ(၂) အမှတ်စဉ်(၈) ဓာတ်ငွေ့နှင့် ဓာတ်ဆီ ပြောင်းလဲပေးသည့် လျှပ်စစ်ခလုတ်တစ်ခုတပ်ဆင်ထားပါသည်။ ခလုတ်ကို ဓာတ်ငွေ့ဘက်တွင်ထားပါက ဓာတ်ငွေ့အဖွင့်အပိတ်အဆို့ရှင် ပွင့်သွားမည်ဖြစ်ပြီး ဓာတ်ဆီဘက်တွင်ထားပါက ဓာတ်ဆီအဖွင့်အပိတ်အဆို့ရှင်ပွင့်သွားမည် ဖြစ်ပါသည်။

သဘာဝဓာတ်ငွေ့ဖြင့် ဓာတ်ဆီမော်တော်ယာဉ်အား မောင်းနှင်ခြင်းမှာ ခက်ခဲသောလုပ်ငန်းတစ်ရပ်မဟုတ်ပါ။ ကာဘရိုက်တာထိပ်မှ သဘာဝဓာတ်ငွေ့ကို လေဖြင့်ရောသွင်းလိုက်ခြင်းသာ ဖြစ်ပါသည်။ သဘာဝဓာတ်ငွေ့သည် အငွေ့ဖြစ်သဖြင့် လေနှင့်ရောနှောရလွယ်ကူပါသည်။ ဓာတ်ဆီသာ ဆောင်းတွင်းတွင် အငွေ့ပျံခက်ခဲသဖြင့် စက်နှိုးရခက်ခြင်း၊ ဆီတိုင်ကီအတွင်း ဖုံမှုန့်နှင့်အမှိုက်များ၊ ရေများဝင်ရောက်တတ်ခြင်းတို့ကြောင့် ဆီလိုင်းဒုက္ခပေးပြီး စက်နှိုးရခက်သည့်ပြဿနာများ မကြာခဏပေါ်တတ်သော်လည်း ဓာတ်ငွေ့နှင့် မောင်းနှင်လျှင် ထိုဒုက္ခများကင်းဝေးပါသည်။ ဓာတ်ငွေ့ထိန်းညှိကိရိယာမှ ဓာတ်ငွေ့ အနည်းအများချိန်ခြင်းမှာလည်း လွယ်ကူသောအလုပ်ဖြစ်ပါသည်။

သဘာဝဓာတ်ငွေ့သိုလှောင်အိုး (CNG Cylinder)

မော်တော်ယာဉ်များတွင် တပ်ဆင်အသုံးပြုရန် သဘာဝဓာတ်ငွေ့သိုလှောင်အိုးများကို ထုထည် ၄၀လီတာ၊ ၅၀လီတာ၊ ၆၀လီတာ၊ ၇၀လီတာစသည်ဖြင့် အရွယ်အစားမျိုးစုံထုတ်လုပ်ပါသည်။ အချင်းအမျိုးမျိုးထုတ်လုပ်ပါသည်။ အရှည်အမျိုးမျိုးလည်း ထုတ်လုပ်ပါသည်။ သဘာဝဓာတ်ငွေ့ သိုလှောင်အိုးအားလုံးသည် ဖိအား(၃၀၀၀ psi) ဖြင့် အလုပ်လုပ်နိုင်အောင် တည်ဆောက်ထားပါသည်။ သံမဏိဖြင့်ထုတ်လုပ်သည့် အိုးများဖြစ်ပါသည်။ ဓာတ်ငွေ့အိုး အလေးချိန်လျော့စေရန် သံမဏိအစား သံမဏိအိုးပါးပါးပေါ်တွင် Fibre Glass အုပ်ပြီး ထုတ်လုပ်သောအိုးများလည်းရှိပါသည်။ သံမဏိအိုးများ၏ သက်တမ်းမှာ နှစ်၃၀သတ်မှတ်ထားပြီး အလေးချိန်မှာ ၁လီတာလျှင် ၁ ကီလိုဂရမ်လောက် လေးပါသည်။ ၅၀လီတာအိုးတစ်လုံးသည် ၅၀ကီလိုဂရမ်ခန့် လေးပါသည်။ ထိုကဲ့သို့ ပိုက်သားထူထူဖြင့် တည်ဆောက်ထားခြင်းဖြစ်သဖြင့် ထုခွဲ၍သော်မှ ကွဲနိုင်ခြင်းမရှိပါ။ အိုးမှာဂဟေဆော်ဆက်ထားခြင်း လုံးဝမရှိဘဲ Seamless ပိုက်အား အပူပေးပြီး ထိပ်လုံးထားခြင်းဖြစ်ပါသည်။ သို့ပါ၍ မီးဖိုချောင်သုံး ရေနံဓာတ်ငွေ့ရည်မီးဖိုများမှ LPG အိုးများနှင့် လုံးဝမတူပါ။ LPG အိုးများသည် သံပြားပါးပါးအား ဂဟေဆက်၍ ထုတ်လုပ်ထားခြင်းဖြစ်ပါသည်။ အထိအခိုက်မခံပါ။ Accident ဖြစ်လျှင် အန္တရာယ်ဖြစ်နိုင်ပါသည်။ ထို LPG အိုးများကိုပင် အိမ်ရှင်မများ အန္တရာယ်ကင်းကင်းနှင့် အသုံးပြုနေနိုင်လျှင် CNG အိုးများအသုံးပြုမည့် အမျိုးသားအနေနှင့် ကြောက်စရာကောင်းသည်ဟု ပြောစရာအကြောင်းမရှိတော့ပါ။

အရွယ်အစားအမျိုးမျိုးရှိသော အိုးများမှ သင့်လျော်ရာကို ရွေးချယ်ပြီး လိုအပ်သည့်အရေအတွက်ကို တွက်ချက်တပ်ဆင်ကြပါသည်။ ရန်ကုန်မြို့တွင် တပ်ဆင်ထားသော NGV ပစ်ကပ်ယာဉ်များတွင် ၅၀လီတာ အိုးလေးအိုး တပ်ဆင်ပေးထားရာ ဖိအား (၃၀၀၀psi)ဖြည့်ပါက မိုင် ၁၅၀ခန့်မောင်းနှင်နိုင် ပါသဖြင့် ဓာတ်ငွေ့တစ်ကြိမ်ထည့်ပြီးပါက တစ်ရက်လုံး စိတ်ကြိုက်မောင်းနှင်သွားလာနိုင်မည်ဖြစ်ပါသည်။

ဆလင်ဒါအိုးများမှာ သတ်မှတ်ထားသော အရည်အသွေးရှိ သံမဏိအမျိုးအစားကို အသုံးပြုထားပြီး သတ်မှတ်ထားသော Reduction, Elongation, Yield Point, Tensile Strength, Hardness, Charpy "V" Impact, Fatigue Test စမ်းသပ်မှုများကို ပြုလုပ်ထားသည့်အပြင် ဆလင်ဒါအိုး ၅၀ထုတ်လုပ်ပြီးတိုင်း တစ်အိုးကိုယူ၍ ၎င်းအိုး၏ ဆလင်ဒါအောက်ပိတ်အား ခွဲပြီးစစ်ဆေးပါသည်။

သဘာဝဓာတ်ငွေ့အိုးများသည် တစ်နေ့တစ်ကြိမ်ခန့် ဓာတ်ငွေ့ဖြည့်တင်းသဖြင့် အခြားစစ်ဆေးမှုများအပြင် Fatigue Test ပါစမ်းသပ်ထားသော အိုးများဖြစ်သဖြင့် လွန်စွာစိတ်ချရသောအိုးများဖြစ်ပါသည်။ အိုးများမှာ စိတ်ချရရုံသာမက အိုးတွင်တပ်ဆင်ထားသော အဆို့ရှင်များတွင် လည်း Safety Valveများ တပ်ဆင်ထားပါသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

နှစ်ဖက်သော မိဘများ ဖြစ်ကြသော ဦးကိုကြီး-(ဒေါ်သန်းစိန်)၊ ဦးစိုး-ဒေါ်ပု တို့အား အမှူးထား၍ (ဦးတင်အောင်ဝင်း) ဦးစီးမှူး ဆည်မြောင်း-ဒေါ်ရီရီမေ၊ ဗိုလ်ကြီးဟန်ဇင်ဝင်း၊ မေဖြိုးရွှေရည်ဝင်း မိသားစုတို့က တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီ ဝိပဿနာတရားစခန်း နှစ်ထပ်ယောဂီဆောင် ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် တစ်သိန်း ပေးအပ်ပွဲကို ဒီဇင်ဘာ ၂၂ရက်က မဟာမုနိဓမ္မာရုံတွင်ကျင်းပရာ ဂေါပကဥက္ကဋ္ဌ ဦးမြင့်သွင်ထံ ဒေါ်ရီရီမေက အလှူငွေများ ပေးအပ်စဉ်။

(က-ပ)

ကမ္ဘာအေးစေတီတော် ငှက်ပျောဖူး၊ ထီးတော်ပြုပြင်ရေးနှင့် ရွှေသင်္ကန်းကပ်လှူရေး အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ငှက်ပျောဖူးနှင့် ထီးတော်ပြုပြင်ရေးနှင့် ရွှေသင်္ကန်းကပ်လှူရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ အလှူငွေများကို လက်ခံသည်။

ရှေးဦးစွာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)နာယက ချုပ်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ပဏ္ဍိတာ ဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် အခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် သံဃာတော်များအား ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အလှူငွေပေးအပ်

ဆက်လက်၍ အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုတို့က အလှူရှင် မောင်မင်းညီအေးနှင့် မဇင်မြင့်မောင်တို့၏ စေ့စပ်မင်္ဂလာအထိမ်းအမှတ်အဖြစ် လှူဒါန်းငွေကျပ်သိန်း၂၀ **(အပေါ်ပုံ)**၊ ဒေါက်တာ နိုင်ထွဋ်အောင်နှင့် ဒေါက်တာဝေဝေယဉ်မိသားစု၏ လှူဒါန်းငွေကျပ် ၁၅ သိန်းနှင့် ဦးကျော်ကျော်အောင်-ဒေါ်စန္ဒာရင်မိသားစု၏ လှူဒါန်းငွေကျပ် ၁၀သိန်းတို့ကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)နာယကချုပ်ဆရာတော်ထံမှ အနုမောဒနာနှင့် ရေစက်ချတရား နာယူကြပြီး အမျှပေးဝေကြကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

ယဉ်ကျေးမှုတက္ကသိုလ် ကျောင်းသားကျောင်းသူဟောင်းများ ဇန်နဝါရီ ၁၄ရက်တွင် တွေ့ဆုံကြမည်

ရန်ကုန် ဇန်နဝါရီ ၁၀

ယဉ်ကျေးမှုတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ် တွေ့ဆုံပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ရက် (သောကြာနေ့)ညနေ ၅နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန (I.B.C) မြက်ခင်းပြင်တွင် ကျင်းပရန်စီစဉ်ထားသည်။

ယဉ်ကျေးမှုတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများအသင်း အမှုဆောင်အဖွဲ့ ပြန်လည်ဖွဲ့စည်းမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများ (၁၉၉၃-၂၀၀၄)မပျက်မကွက် တက်ရောက်ကြရန်နှင့် ကိုခင်မောင်ဌေး ဖုန်း-၆၅၁၈၁၀၊ ကိုသန့်ဇော်မင်းလတ်ကြူ ဖုန်း-၅၅၉၉၈၉၊ ကိုငြိမ်းချမ်းဦး ဖုန်း-၀၉-၈၀-၂၄၀၇၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

သီတဂူကြယ်တစ်ပွင့် တရားပွဲအစီအစဉ်

ရန်ကုန် ဇန်နဝါရီ ၁၀

သီတဂူဆရာတော်ကြီး၏ တပည့် သာသနဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် ပြာသိုလပြည့်ညတွင် မုံရွာမြို့ ရွှေစည်းခုံစေတီရင်ပြင်၊ ပြာသိုလပြည့်ကျော် ၁ ရက်ညတွင် ဘောသဇ္ဈဘုရားစစ်ကိုင်း၊ ၂ ရက်ညတွင် နေပူကုန်းရွာဝမ်းတွင်းမြို့၊ ၃ ရက်ညတွင် ဒေါင်းမရွာ စစ်ကိုင်း၊ ၄ ရက်ညတွင် ရွှေကျင်ရွာ ဝက်လက်မြို့၊ ၅ ရက်ညတွင် အေးချမ်းသာဆီစက်အလှူ အမရပူရ၊ ၆ ရက်ညတွင်(ပ)ရပ်ကွက် ရွှေပြည်သာ ရန်ကုန်၊ ၇ ရက်ညတွင် သာသနာ့ဗိမာန်တွံတေးမြို့၊ ၈ ရက်ညတွင် မင်္ဂလာဒုံ ကခ/ရပ်ကွက်၊ ၉ ရက်ညတွင် (၁၃)ရပ်ကွက် တောင်ဥက္ကလာပ ရန်ကုန်၊ ၁၀၊ ၁၁ ရက်ညတွင် ဇေယျဝတီကျောင်း လှိုင်မြို့နယ်၊ ၁၂-၁၃ရက်ညများတွင် ၃/မာန်ပြေ သာကေတမြို့နယ်နှင့် ၁၄ ရက်ညတွင် မြို့မစာသင်တိုက်ငွေရတု ပုသိမ်ကြီးမြို့များတွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည် ဖြစ်ကြောင်း သိရသည်။

(က-ပ)

တာမွေမြို့နယ် အလက(၃)၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၃ရက်က ကျင်းပရာ ကျောင်းဘက်စုံစံပြဆုရ မအေးနှင်းမိုးအား ကျောင်းအုပ်ဆရာကြီး ဦးဉာဏ်ထွန်းက ဆုချီးမြှင့်စဉ်။

(က-ပ)

စာမျက်နှာ ၁၀ ဆောင်းပါးမှ အဆက်

အိုးအတွင်း ဖိအား (၃၀၀၀psi)ထက် ပိုထည့်ပါက Safety Valveမှပွင့်ပြီး ထွက်သွားမည်ဖြစ်ပါသည်။ မီးလောင်ပါကလည်း Safety Valve ခဲပြားအရည်ပျော်သွားပြီး အိုးအတွင်းမှ ဓာတ်ငွေ့များ ထွက်သွားမည်ဖြစ်ပါသည်။ ပေါက်ကွဲစရာအကြောင်း လုံးဝမရှိပါ။ အဆို့ရှင်တွင် လက်နှင့် လှည့်၍ဖွင့်ပိတ်ရသော လက်တံတစ်ခုပါရှိပါသည်။ မလိုအပ်သည့် အခါ အဆို့ရှင်ကို ပိတ်ထား၍ရပါသည်။ မပိတ်ထားလည်း အန္တရာယ်မရှိပါ။ ပုံ(၂) အမှတ်စဉ်(၄) ဓာတ်ငွေ့အဖွင့်အပိတ် လျှပ်စစ်အဆို့ရှင်မှာ ကားသော့ပိတ်သည်နှင့် ပိတ်သွားပါသည်။ အဆိုပါအဆို့ရှင်မှာလည်း ပွင့်နေ၍ ဓာတ်ငွေ့ ဆက်လက်ထွက်လာပါက ဓာတ်ငွေ့ထိန်းညှိကိရိယာအဝင်တွင် ရပ်တန့်သွားမည် ဖြစ်ပါသည်။ စက်မနှိုးပါက ဓာတ်ငွေ့ထိန်းညှိကိရိယာအတွင်း ဓာတ်ငွေ့မဝင်နိုင်ပါ။ သို့ပါ၍ ဓာတ်ငွေ့ယိုစိမ့်ထွက်စရာအကြောင်းမရှိ။ အကယ်၍ ဖော်ပြပါလမ်းကြောင်းတစ်နေရာတွင် ပိုက်ဆက်များချောင်၍ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်လျှင်လည်း အန္တရာယ်မရှိပါ။ အကြောင်းမှာ သဘာဝဓာတ်ငွေ့သည် လေထက်ထက်ဝက်ပေါ့ပါးသဖြင့် ယိုစိမ့်ပါက လေအထက်သို့ ချက်ချင်းတက်ပြီး ပျောက်ကွယ်သွားမည်ဖြစ်ပါသည်။

ဓာတ်ငွေ့ထိန်းညှိကိရိယာ (CNG °REGULATOR)

မော်တော်ယာဉ်အတွက် လိုအပ်သော သဘာဝဓာတ်ငွေ့ အနည်းအများကို ထိန်းချုပ်ပို့လွှတ်ပေးသည့် အဓိကကိရိယာ ဖြစ်ပါသည်။ ဖိအား (၃၀၀၀ psi) ဖြင့်လာသော သဘာဝဓာတ်ငွေ့ကို သာမန်လေထုဖိအားသို့ ရောက်အောင်အဆင့်သုံးဆင့်ဖြင့် ပြန်လျှော့ချပေးသော ကိရိယာဖြစ်ပါသည်။ ထိုကိရိယာအဝင်တွင်လည်း Safety Valve တစ်ခုတပ်ဆင်ထားပါသည်။ သတ်မှတ်ဖိအားထက်များသွားပါက ထို Valve မှ ဓာတ်ငွေ့များ ထွက်သွားမည်ဖြစ်ပါသည်။ ဓာတ်ငွေ့ထိန်းညှိကိရိယာ၏ ပထမအဆင့်တွင် ဖိအား(၃၀၀၀ psi)မှ (၂၅၀ psi)သို့ လည်းကောင်း၊ ဒုတိယအဆင့်တွင် ဖိအား (၂၅၀ psi)မှ (၅၀ psi)သို့ လည်းကောင်း၊ တတိယအဆင့်တွင် ဖိအား(၅၀ psi)မှ သာမန်လေဖိအားသို့လည်းကောင်း လျှော့ချပေးပါသည်။ ထိုဓာတ်ငွေ့ထိန်းညှိ ကိရိယာမှာ ကိုင်တွယ်သုံးစွဲသူများအတွက် လွယ်ကူရှင်းလင်းသော ပစ္စည်းတစ်ခုဖြစ်သော်လည်း အရည်အသွေးကောင်းသော ပစ္စည်းများဖြင့် တိကျစွာတွက်ချက် ထုတ်လုပ်ထားခြင်း ဖြစ်သဖြင့် အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်သော ပစ္စည်းတစ်ခု ဖြစ်ပါသည်။

သို့ပါ၍ NGV°ယာဉ်များတွင် တပ်ဆင်အသုံးပြုရန် ထုတ်လုပ်ထားသော သဘာဝဓာတ်ငွေ့သုံးပစ္စည်းကိရိယာအားလုံးသည် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ထားသော ပစ္စည်းများဖြစ်သဖြင့် အန္တရာယ်ကင်းရှင်းမှုရှိပြီး လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သော ပစ္စည်းများဖြစ်ပါသည်။ သဘာဝဓာတ်ငွေ့သုံး ပစ္စည်းများသည် နှစ်၃၀သုံးစွဲခံနိုင်အောင် ထုတ်လုပ်ထားရာ ယခု မြန်မာနိုင်ငံတွင် အသုံးပြုနေသောပစ္စည်းများက သက်သေခံနေပါသည်။ အသုံးပြုနေသည်မှာ နှစ်ပေါင်း၂၀ပြည့်တော့မည်ဖြစ်ရာ ယနေ့ထိ တစ်စုံတစ်ရာ အန္တရာယ်ဖြစ်ပေါ်ခဲ့မှုမရှိခြင်းက သာဓကပြနေပါသည်။ အသုံးပြုနေသည့် ပစ္စည်းများက အန္တရာယ်မဖြစ်သလို သုံးစွဲသည့် သဘာဝဓာတ်ငွေ့ကလည်း တစ်ကြိမ်မှ အန္တရာယ်ဖြစ်ပေါ်ခဲ့ခြင်းမရှိပါ၊ နိုင်ငံတကာတွင်လည်း (LPG) ကြောင့်ဖြစ်ပေါ်သော မတော်တဆထိခိုက် အန္တရာယ်ဖြစ်ပေါ်မှု၊ သဘာဝဓာတ်ငွေ့ Natural Gasကြောင့်အန္တရာယ်ဖြစ်ပေါ်မှု မရှိခဲ့ပါ။ အကြောင်းမှာ သဘာဝဓာတ်ငွေ့သည် လေထက်ပေါ့သဖြင့် ယိုစိမ့်လျှင် လေပေါ်သို့ အလွယ်တကူ တက်သွားပြီး ပျောက်ကွယ်သွားခြင်း၊ လေနှင့်ရောနှော မီးရှို့လျှင်လည်း အချိုးအဆတိကျမှ မီးလောင်နိုင်ခြင်း၊ သဘာဝဓာတ်ငွေ့သည် အလိုအလျောက် မီးလောင်နိုင်ရန်မှာလည်း မြင့်မားသော အပူချိန်လိုအပ်ခြင်း စသည်တို့ကြောင့် အန္တရာယ်နည်းသော လောင်စာဆီဖြစ်ပါသည်။

သို့သော်လည်း အန္တရာယ်မဖြစ်နိုင်ဟု သိထားသဖြင့် ဂရုမစိုက် သတိမမူဘဲ ပေါ့ပေါ့ဆဆနေရန် မသင့်ပါ။ ဖယောင်းတိုင်မီးအား မီးပူဇော်ရင်း ငြိမ်းသတ်ရန် မေ့သွားသည့်အတွက် တစ်အိမ်လုံး၊ တစ်ရပ်ကွက်လုံး မီးလောင်ကျွမ်းရသည့် အဖြစ်မျိုးလည်း တွေ့ဖူးကြပါလိမ့်မည်။ NGV အသုံးပြုသူများအနေဖြင့် မိမိယာဉ်ကို မိမိကိုယ်တိုင် ဂရုပြုပါ။ ဥပမာ- ဓာတ်ငွေ့ယိုစိမ့်မှု တွေ့ရှိပါက အန္တရာယ်မရှိနိုင်ဘူး။ ဒီအတိုင်းသာထားလိုက်ပါ ဆိုပြီး မပြုပြင်ဘဲ မထားပါနှင့်။ အန္တရာယ်မရှိသော်လည်း ဓာတ်ငွေ့ယိုစိမ့်မှုကို သိလျှင် ချက်ချင်းပြုပြင်သင့်ပါသည်။

NGV ယာဉ်တွင် သဘာဝဓာတ်ငွေ့သုံး ပစ္စည်းများနှင့် ပတ်သက်၍ ဂရုပြုရန် အချက်နှစ်ခုသာ ရှိပါသည်။ ပထမအချက်မှာ ဓာတ်ငွေ့သုံးပစ္စည်းများ တပ်ဆင်ထားမှု အမြဲခိုင်ခံ့မှုရှိနေစေရန်၊ အထိုင်များ၊ အဆက်များ ချောင်နေခြင်း မရှိအောင် လက်ဖြင့်ကိုင်လှုပ်စစ်ဆေးမှု ပြုလုပ်ထားခြင်းနှင့် ဒုတိယအချက်မှာ ဓာတ်ငွေ့ပိုက်လိုင်း အဆက်များတွင် ဓာတ်ငွေ့ယိုစိမ့်မှုကို ဆပ်ပြာရည်ဖြင့် စမ်းသပ်ခြင်းတို့ ဖြစ်ပါသည်။ ထိုနှစ်ချက်ကိုသာ အမြဲဂရုပြု စစ်ဆေးနေပါက သင့် NGV ယာဉ် မည်သည့်အန္တရာယ်မျှမဖြစ်နိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ၊ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

ဓနုဖြူမြို့နယ်တွင် ငါးဘတ်အိုင်တံတားသစ်ဖွင့် ကျေးလက်ပြည်သူများ အဆင်ပြေစွာသွားလာနိုင်ပြီ

ဓနုဖြူ ဇန်နဝါရီ ၉

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဓနုဖြူမြို့နယ် ငါးဘတ်အိုင်ကျေးရွာအဝင် ငါးဘတ်အိုင် တံတားသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၅ရက်က အဆိုပါတံတားထိပ် မုခ်ဦးမဏ္ဍပ်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

တံတားဖွင့်ပွဲ အခမ်းအနားတွင် ဓနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဦးဆန်းမြင့်ဝင်းက တံတားနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြကာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် ဓနုဖြူမြို့နယ် စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေးတို့က တံတားသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အဆိုပါတံတားမှာ အရှည်ပေ ၁၅၀၊ အကျယ် ၁၄ပေရှိပြီး အလမျိုး-နဲကြိုး-ငါးဘတ်အိုင် ကျေးလက် လမ်းပေါ်တွင် တည်ရှိသည်။ ဓနုဖြူမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့မှ ၂၉ဒသမ ၅ သိန်းနှင့် ပြည်သူလူထု ထည့်ဝင်ငွေ ၂၉ဒသမ၅သိန်း စုစုပေါင်း ၅၉ သိန်း အကုန်အကျခံ ဆောက် လုပ်ပေးခဲ့ပြီး ကျေးရွာအုပ်စု လေးအုပ်စုနှင့် ကျေးရွာပေါင်း ၃၀ ရှိ ကျေးလက်ပြည်သူများ အဆင်ပြေ ချောမွေ့စွာ သွားလာနိုင်ကြပြီဖြစ်သည်။ **(နယ်စပ်/ စည်ပင်)**

ပလင်ါးတန် ဖွံ့ဖြိုးပို့ စာအုပ်စာပေ လေ့လာစို့

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု အင်းတော်မြို့နိုင်လွန်ကတ္တရာနှင့် ကျောက်ချောလမ်းဖွင့်

အင်းတော် ဇန်နဝါရီ ၆

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အင်းတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော အောင်မေတ္တာတိုးချဲ့(၂)လမ်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၁ရက် နံနက် ၉နာရီခွဲက အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ အင်းတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်လေးက အမှာစကား ပြောကြားပြီး အင်းတော်မြို့ အောင်မေတ္တာတိုးချဲ့(၂)လမ်း ကတ္တရာလမ်းနှင့်ကျောက်ချောလမ်းအား အင်းတော်မြို့နယ် ဥက္ကဋ္ဌ ဦးခင်မောင်လေး၊ တာဝန်ခံအင်ဂျင်နီယာ ဦးမြင့် သန်းနှင့် အောင်မေတ္တာရပ်ကွက် ဥက္ကဋ္ဌ ဦးခင်သက်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆောင်ရွက်

အဆိုပါ အောင်မေတ္တာတိုးချဲ့(၂)လမ်း ကတ္တရာလမ်း အရှည်ပေ ၄၂၀၊ အကျယ် ၁၂ပေနှင့် ကျောက်ချောလမ်း အရှည်ပေ ၃၃၀၊ အကျယ် ၁၂ပေအား အဖွဲ့ခွင့်ပြုရန်ပုံ ငွေ၅ဒသမ၆သိန်းနှင့် ပြည်သူလူထုလုပ်အားတန်ဖိုး ၄ဒသမ ဝ၃သိန်း စုစုပေါင်း ကျပ် ၉ဒသမ၆၃သိန်း အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(နယ်စပ်/ စည်ပင်)**

ဒေးဒရဲမြို့နယ်၌ ကျေးရွာစာကြည့်တိုက်ဖွင့် ရေရှည်တည်တံ့ရေး ရှင်းလင်းပြောကြား

ဒေးဒရဲ ဇန်နဝါရီ ၂

ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၅ရက်က တမော့ကြီးကျေးရွာ ပညာ့ဥယျာဉ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစန်းလှိုင်၊ ကျေးရွာဥက္ကဋ္ဌ ဦးဝင်းကြည်နှင့် စာကြည့် တိုက်ကော်မတီ အတွင်းရေးမှူး ဒေါ်ခင်အေးမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ် ပေးကြသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးစန်းလှိုင်က ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရေး ရှင်းလင်းပြောကြားပြီး ဦးစီးဌာနက လှူဒါန်းသည့် မဂ္ဂဇင်း၊ ဂျာနယ် ၇၅အုပ်နှင့် ကျေးရွာစာပေဝါသနာရှင်များ စုပေါင်းလှူဒါန်းသည့် ဂျာနယ်၂၀၀ကို ကျေးရွာဥက္ကဋ္ဌ ဦးဝင်းကြည်သို့ ပေးအပ်လှူဒါန်းသည်။

(မြို့နယ် ပြန်/ဆက်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

လပွတ္တာမြို့နယ် ကြိမ်ကုန်းကြီးကျေးရွာအုပ်စု ရွှေပြည်သာကျေးရွာ တွင် ရွှေပြည်သာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရည်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိန်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

မင်းတုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေနှင့် အမှုဆောင် အရာရှိ ဦးစောသိန်းဦး တို့က မင်းတုန်း မြို့နယ်အင်းလယ်ကုန်းကျေးရွာ သတ္တမအကြိမ် အလှူရှင် စက်ရေတွင်းကို ဖွင့်လှစ်ပေးစဉ်။ (နယ်စပ်/စည်ပင်)

ဖွံ့ဖြိုး စည်ပင် ကျေးလက် တစ်ခွင်

လွတ်လပ်ရေးနေ့ ဂုဏ်ပြု မအူပင်မြို့နယ်၌ ရုံးသစ်ဖွင့်ပွဲများကျင်းပ

မအူပင် ဇန်နဝါရီ ၅

(၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မအူပင်မြို့နယ် မီးသွေးချောင်းကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၊ မင်းကြီးရန်နောင် ကိုယ့်အားကိုယ်ကိုးကျေးလက်စာကြည့်တိုက်၊ ကျေးလက် ကျန်းမာရေးဌာနခွဲရုံး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးသစ်များ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက်က မီးသွေးချောင်းကျေးရွာအုပ်စု လယ်ကိုင်းကျေးရွာရုံးသစ်များရှေ့တွင်ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဖွင့်ပွဲအခမ်းအနားတွင် မီးသွေး ချောင်း ကျေးရွာအုပ်စုအေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးကို မအူပင် မြို့နယ်ဥက္ကဋ္ဌဦးခင်မောင်ဝင်းနှင့်မီးသွေး ချောင်း ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးဝင်း နိုင်တို့ကလည်းကောင်း၊ မင်းကြီး ရန်နောင် ကိုယ့်အားကိုယ်ကိုး ကျေး လက်စာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးအရာရှိ ဒေါ်ငွေခင်နှင့်ကျေးရွာ ဥက္ကဋ္ဌ ဦးဝင်းနိုင်တို့က လည်းကောင်း၊ ကျေးလက် ကျန်းမာရေးဌာနခွဲရုံးကို မြို့နယ် ဥက္ကဋ္ဌ၊ မအူပင်ခရိုင်ကျန်းမာ ရေးဦးစီးမှူး ဒေါက်တာ သိမ်းဝေနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဝင်းနိုင်တို့က လည်း ကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းရုံးကို မြို့နယ် ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း တွဲဖက်အတွင်းရေးမှူး ဦးကျော် အေး၊ ကျေးရွာအဖွဲ့ဝင် (၁) ဦးသန်း မောင်တို့က လည်းကောင်း အသီးသီး ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အခမ်းအနားကို မအူပင်မြို့နယ် မီးသွေးချောင်းကျေးရွာ အုပ်စု လယ်ကိုင်းကျေးရွာ တွဲဖက် အခြေခံပညာ အလယ်တန်းကျောင်း ခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ကျေးရွာရုံးသစ် များအတွက် အလှူငွေကျပ် တစ်သိန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်စိုး က ကျေးလက်စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်မျိုးစုံပေးအပ်လှူဒါန်း ကြောင်း သိရသည်။ **(၄၂၁)**

ကျေးလက်စက်ရေတွင်း ကွင်းဆင်းစစ်ဆေး

မြစ်သား ဇန်နဝါရီ ၅

မြစ်သားမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့သည် မြစ်သားမြို့နယ်အတွင်း ကျေးလက်ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် စက် ရေတွင်း ၇၇ တွင်း တူးဖော်ခဲ့ရာ ၂၀၀၃- ၂၀၀၄ ခု ဘဏ္ဍာရေးနှစ် အတွင်း စည်ပင် သာယာရေးဘဏ္ဍာ လှူဒါန်းငွေဖြင့် ဆောင်ရွက်ပေးခဲ့သော အရှေ့သပြေ သာ နှစ်လက်မ စက်ရေတွင်းအား အမှု ဆောင်အရာရှိ ဦးကျော့ချိုမျိုးမြင့်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်စိုးတို့ က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရ သည်။ **(အောက်ပုံ) (မြို့နယ်စည်ပင်)**



ကွမ်းခြံကုန်း မဟာတိလောကမှန်ကူသွန်းဘုရားကြီး နှစ် ၁၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ မြို့ကျက်သရေဆောင် မဟာတိလောကမှန်ကူသွန်းဘုရားကြီး၏ နှစ်(၁၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် မဟာတိလောကမှန်ကူသွန်းဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရေးကော်မီကို ဖွဲ့စည်းထားကြောင်း သိရသည်။

မဟာတိလောကမှန်ကူသွန်းဘုရားကြီး နှစ်(၁၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ၁၃၆၆ခုနှစ် တပေါင်းလဆန်း ၁၃ရက်မှ လပြည့်ကျော် ၂ရက် (မတ် ၂၂ရက်မှ ၂၆ရက်)အထိ ကျင်းပသွားမည်ဖြစ်ပြီး ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် ဗုဒ္ဓဘိသေကအနေကဇာတင် အခမ်းအနား၊ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း ရေစက်ချအခမ်းအနား၊ ပဋ္ဌာန်းပွဲ၊ တရားပွဲ၊ ကြည့်ချင်ပွဲများ၊ နွားအလှပြိုင်ပွဲ၊ နွားလှည်းပြိုင်ပွဲများ၊ သာသနိကအဆောက်အအုံများ လှူဒါန်းခြင်း စုပေါင်းရေစက်ချပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ အလှူရှင်များ ပါဝင်လှူဒါန်းကြရန် တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်ကြီးအား ဆွမ်း၊ ဆီမီး၊ ရေချမ်း၊ နံ့သာ ၉၉၀၀စီ ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၀

မန္တလေးတိုင်း ညောင်ဦးမြို့ရှိ ရွှေစည်းခုံစေတီတော်ကြီးအား ဗုဒ္ဓပူဇနီယ ဆီမီး ၉၉၀၀အဖွဲ့(အင်းစိန်)က ကြီးမှူး၍ ဒသမအကြိမ် ဆွမ်း၊ ဆီမီး၊ ရေချမ်း၊ နံ့သာ ၉၉၀၀စီ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၂၉ရက်တွင် ယင်းစေတီတော်ကြီး ရင်ပြင်၌ကျင်းပရာ ရှေးဦးစွာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး အသင်းဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဗုဒ္ဓပူဇနီယ ဆီမီး ၉၉၀၀ အဖွဲ့ဝင်များက ညလုံးပေါက် ဆွမ်းတော်ပွဲများ ပြင်ဆင်ခြင်း၊ စေတီတော်ကြီးပတ်လည်ရှိ ဆွမ်းဆန်တော် ၃၂ တင်းချက်ဆုံ ကျောက်သပိတ်တော်များ၌ ဆွမ်းဆက်ကပ်ခြင်းများ ပြုလုပ်ကြသည်။

အမျှပေးဝေ

အဆိုပါနေ့ အရုဏ်တက်ချိန်တွင် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တဥက္ကံနှင့် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဥတ္တမ(စဉ့်ကူဆရာတော်)တို့ အမှူးပြုသော သံဃာတော်ကိုးပါးတို့က စေတီတော်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်ကြပြီး အာရုံခံတန်ဆောင်း၌ အဖွဲ့နာယက ဦးစိုးဝင်းနှင့် ဥက္ကဋ္ဌ ဦးဘိုကြည်တို့က အဖွဲ့၏ဆောင်ရွက်ချက်များကို တင်ပြလျှောက်ထား၍ စဉ့်ကူဆရာတော်ထံမှ ပရိသတ်တို့က ရေစက်ချတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေကြသည်။

ထွန်းညှိပူဇော်

ညပိုင်းတွင် ဆီမီး၊ နံ့သာ ၉၉၀၀စီ ပူဇော်ပွဲကို ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇာဂရ၊ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တဥက္ကံ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ ဗုဒ္ဓပူဇနီယ ဆီမီး၉၉၀၀အဖွဲ့ဝင်များ၊ စေတီတော်ကြီး ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သန်းနှင့်အဖွဲ့ဝင်များ၊ ကမ္ဘာလှည့်ခရီးသည်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မဟာဒုက်ဘုရားမဲပေါက်သူ ဘုရားဒါယကာများအား တစ်ဦးချင်းပေးအပ်ကာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ၊ ဆီမီး ၉၉၀၀အဖွဲ့ နာယက၊ ဥက္ကဋ္ဌ၊ အလှူရှင် ဦးအောင်ဝင်းနှင့် ဂေါပကအဖွဲ့ဝင်များက အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဆီမီးနှင့် နံ့သာတိုင် ၉၉၀၀စီဖြင့် စေတီတော်ကြီးအား ထွန်းညှိပူဇော်ကြသည်။

(အပေါ်ပုံ)
(သတင်းစဉ်)

ရွှေနားပန်စေတီတော် ဗုဒ္ဓပူဇနီယပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ဇ/တောင်ရပ်ကွက်တွင် တည်ထားကိုးကွယ်လျက်ရှိသောရှေးဟောင်း သမိုင်းဝင်ရွှေနားပန်စေတီတော်မြတ်ကြီးနှင့် သာသနာ့အလင်းရောင် မြတ်စွာဘုရား ဥက္ကလာဦးစေတီတော်၊ ဆယ့်တစ်တောင် ပြည့်စေတီတော်များ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၈၃) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပူဇော်ပွဲကို ဇန်နဝါရီ ၂၀ရက် နံနက် ၇နာရီတွင် နာယက ဆရာတော်ကြီးများ၊ ဂုဏ်ထူးဆောင်နာယက ဆရာတော်ကြီးများ၊ ဂုဏ်ထူးဆောင်နာယကကြီးများ၊ ဂေါပကဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အတွင်းရှိ အဖွဲ့အစည်းများမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များတက်ရောက် ဖွင့်လှစ်ကြပြီး ဆရာတော်သံဃာတော် အပါး ၄၀တို့မှ ဘုရားအနေကဇာတင်ခြင်း၊ အသံမစဲပဋ္ဌာန်းတရားတော်များ ရွတ်ဖတ်ခြင်း၊ငါးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ကြသော သံဃာတော်များအား အရုဏ်ဆွမ်း၊နေ့ဆွမ်း၊ အအေးများ ဆက်ကပ်လှူဒါန်းပြီး ဇန်နဝါရီ ၂၄ရက် မွန်းတည့်၁၂နာရီတွင် လှူဖွယ်ဝတ္ထုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေပြီး မွန်းလွဲ၁နာရီတွင် မြတ်စွာဘုရား အမှူးထား၍ သံဃာ၁၀၈ပါးတို့အား ဆွမ်း ဆန်စိမ်းများလောင်းလှူမည်ဖြစ်သည်။ သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းလိုသော အလှူရှင်များ ဂေါပကအဖွဲ့နှင့်ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က–ပ)

ပထမဆု

ဒီဇင်ဘာ ၂၇ရက်က အမျိုးသားရေကူးကန်တွင် ကျင်းပသော ၂၀၀၅ ခုနှစ် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ရေကူးလူရွေးပွဲနှင့် အမျိုးသား၊ အမျိုးသမီး တံခွန်စိုက်ပြိုင်ပွဲဆု ချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင့်ဆန်းက အမျိုးသားမီတာ ၅၀ အလွတ်ကူးပြိုင်ပွဲ ပထမဆုရ ရန်လင်းအောင်(သစ်တော)အား ဆုချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

တပ်မတော် ဘောလုံးဒိုင်လူကြီးဟောင်းများ အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

၂၀၀၄ခုနှစ် ရှစ်ကြိမ်မြောက် တပ်မတော်ဘောလုံး ဒိုင်လူကြီးဟောင်းများအား အာစရိယပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အားကစားကွင်း(မင်္ဂလာဒုံ)၌ ကျင်းပရာ တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံ ကျောင်းအုပ်ကြီး တပ်မတော်ဘောလုံးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးထိန်လင်း၊ အတွင်းရေးမှူး ဗိုလ်မှူး ကြီးလှိုင်နှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး (ဒိုင်လူကြီး) အရာခံဗိုလ်ဘရီ(ငြိမ်း)၊ ဖိတ်ကြားထားသူများနှင့် တပ်မတော်ဘောလုံး ဒိုင်လူကြီးဟောင်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ဘောလုံး ဒိုင်လူကြီးဟောင်းများအား ကန်တော့ကြပြီး ဂါရဝပြုလက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ဆက်လက်၍ မြန်မာ့လက်ရွေးစင် ဂိုးသမားဟောင်းနှင့် တပ်မတော် ဘောလုံးဒိုင်လူကြီးဟောင်း ဗိုလ်ကြီးသန်းအောင်(ငြိမ်း)၊ တပ်မတော်ဘောလုံးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ထိန်လင်းနှင့် တပ်မတော်ဘောလုံး ဒိုင်လူကြီးဟောင်း အရာခံဗိုလ်ဘရီ(ငြိမ်း)တို့က ဩဝါဒစကား ပြောကြားကြသည်။

ယင်းနောက် တပ်မတော်မှ အနားယူသွားသော တပ်မတောဘောလုံး ဒိုင်လူကြီး တပ်ကြပ်ကြီး မောင်မောင်နိုင်(ငြိမ်း)အား ဂုဏ်ပြုလက်ဆောင် ချီးမြှင့်သည်။

ထို့နောက် ၂၀၀၄ခုနှစ် ဘောလုံးရာသီ ဘောလုံးပြိုင်ပွဲတွင် အတိုးတက်ဆုံး ဘောလုံးဒိုင်လူကြီးဆုကို တပ်ကြပ်ကြီး ဝင်းထွဋ်အား ချီးမြှင့်လိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆုချီးမြှင့်

ကွမ်းခြံကုန်းမြို့ အထက(၁) မိဘဆရာအသင်း အစည်းအဝေးနှင့် ဆုနှင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ရက်ကကျင်းပရာ ဆုရကျောင်းသားတစ်ဦးအား ကျောင်းအုပ်ဆရာကြီး ဦးရွှေသိန်းက ဆုချီးမြှင့်စဉ်။

(က–ပ)

ကမ္ဘာ့တစ်လွှားအားကစား

စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ ရီးရဲမက်ဒရစ်အသင်း ဒုတိယနေရာတက်

မက်ဒရစ် ဇန်နဝါရီ ၁၀

စပိန်လာလီဂါဘောလုံးပွဲစဉ်များကို တနင်္ဂနွေနေ့က ဆက်လက်ကျင်းပရာ ရီးရဲမက်ဒရစ်အသင်းက အလက်တီကိုအသင်းကို သုံးဂိုး–ဂိုးမရှိဖြင့်နိုင်ပြီး ဇယား၏ ဒုတိယနေရာသို့ ရောက်ရှိသွားသည်။

အက်စ်ပန်ညိုအသင်းသည် အိုဆာဆူနာအသင်းကို လေးဂိုး–တစ်ဂိုးဖြင့်နိုင်ပြီး တတိယနေရာသို့ ရောက်ရှိလာသည်။

ရီးရဲမာလောကာနှင့်ဒီပို့ဒီဗိုအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် တစ်ဖက်နှစ်ဂိုးစီသရေကျခဲ့သည်။

ဗလင်စီယာအသင်းသည် လီဗန်တေးအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့်နိုင်ခဲ့သည်။ဘာစီလိုနာအသင်းသည် ကိုးကြိမ်မြောက် ဇယားထိပ်ကို ဦးဆောင်လျက်ရှိသောအသင်း ဖြစ်သည်။

ရိုက်တာ



ဩစတြေးလျနိုင်ငံသူ ဘီနီတာဂျွန်ဆင် ပန်းဝင်လာစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတကာ တောလမ်းဖြတ်ပြေးပြိုင်ပွဲ ဩစတြေးလျနိုင်ငံသူ ဂျွန်ဆင်ဗိုလ်စွဲ

အမိုးဘီတာ(စပိန်) ဇန်နဝါရီ ၁၀

နိုင်ငံတကာ ဇော်နေ့ဗ်ဇာ တောလမ်းဖြတ်ပြေးပြိုင်ပွဲကို ဇန်နဝါရီ ၉ ရက်က စပိန်နိုင်ငံ အမိုးဘီတာမြို့တွင် ကျင်းပသည်။

အဆိုပါနိုင်ငံတကာ တောလမ်းဖြတ်ပြေးပြိုင်ပွဲသို့ ကမ္ဘာ့တောလမ်းဖြတ်ပြေးတာဝေးချန်ပီယံ ဩစတြေးလျနိုင်ငံသူဘီနီတာဂျွန်ဆင်၊ ကင်ညာမှ ကမ္ဘာ့တောလမ်းဖြတ်ပြေးတာတိုချန်ပီယံအီဒစ်မာဆိုင်းအစရှိသော ချန်ပီယံများပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းနိုင်ငံတကာ တောလမ်းဖြတ်ပြေးပြိုင်ပွဲတွင် ဂျွန်ဆင်က ပထမဆု ဆွတ်ခူးသွားခဲ့သည်။ ဒုတိယဆုကို အီဒစ်မာဆိုင်းကဆွတ်ခူးရရှိပြီး တတိယဆုကို ကင်ညာနိုင်ငံမှတင်ဘီလီက ဆွတ်ခူးရရှိသွားသည်။

ရိုက်တာ

ချန်နိုင်းအိုးပင်း တင်းနစ်ဗိုလ်လုပွဲ စပိန်မှ မိုယာ အနိုင်ရဗိုလ်စွဲ

မဒရပ် ဇန်နဝါရီ ၁၀

အိန္ဒိယနိုင်ငံ မဒရပ်မြို့၌ ဇန်နဝါရီ ၉ရက်က အေတီပီချန်နိုင်းအိုးပင်း တင်းနစ်ပြိုင်ပွဲ ကျင်းပသည်။

အဆိုပါချန်နိုင်းအိုးပင်း တင်းနစ်ပြိုင်ပွဲတွင် စပိန်နိုင်ငံမှ ကားလော့ဒ်မိုယာ၊ထိုင်းနိုင်ငံမှ ပါရာဒုန်ဆီချာဖန် အစရှိသော တင်းနစ် ကစားသမားများစွာပါဝင်ကစားခဲ့သည်။

ယင်းပြိုင်ပွဲတွင် မိုယာက ထိုင်းနိုင်ငံသားဆီချာဖန်အား ၃–၆၊ ၆–၄၊ ၇–၆ဖြင့်နိုင်ပြီး ချန်နိုင်းအိုးပင်းဖလားကို ရရှိသွားသည်။

မိုယာသည် ယမန်နှစ်က ချန်နိုင်းအိုးပင်းဖလားကို ရရှိခဲ့သူဖြစ်၍ယခုနှစ်တွင်လည်းၾင်း၏ဖလားကို ကာကွယ်နိုင်ခဲ့သည်။၎င်းသည်ဆုကြေးအဖြစ်ရရှိခဲ့သည့် အမေရိကန်ဒေါ်လာ၅၂၀၀၀ ကို ဆူနာမီအတွက် လှူဒါန်းပေးခဲ့ကြောင်းသိရသည်။

အေပီ

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ် ၈၅ စက်ရုံလမ်းရှိ အရှင်အာဒိစ္စဝံသ ပရိယတ္တိစာသင်တိုက်အတွင်း၌ ဆောက်လုပ်လှူဒါန်းအပ်သော ကမ္ဘာ့ဗုဒ္ဓသာသနာပြု အရှင်သေဋ္ဌိလ ကျောင်းတော်သစ်ဖွင့် ရေစက်ချအလှူတော် မင်္ဂလာပွဲကို ဇန်နဝါရီ၂ရက်ကကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ ဆရာတော်ကြီး အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိုင်းသံဃ နာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၊ အရှင်အာဒိစ္စဝံသ ကျောင်းတိုက်နာယက ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်အရှင်မြတ်များ ကြွရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးတော်မူစဉ်။ (က-ပ)

ဒေါက်တာအရှင်ဝေဠုရိယဉာဏ ပြန်လည်ကြွရောက်

ရန်ကုန် ဇန်နဝါရီ ၁၀

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက် အဂ္ဂါဘိဓဇ ရွှေကျင်သာသနာပိုင် စစ်ကိုင်း ရွှေဟင်္သာ ဆရာတော်ကြီး၏ တပည့်ရင်းဖြစ်သော ဒေါက်တာအရှင်ဝေဠုရိယဉာဏလင်္ကာရသည် အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ၂၀၀၄ခုနှစ် ဒီဇင်ဘာ၂၇ရက်က ပြန်လည်ကြွရောက်တော်မူလာရာ ညီတော် နောင်တော် ရဟန်းတော်များနှင့် တပည့် ဒါယကာ ဒါယိကာမများက ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်တွင် ကြည်ညိုပူဇော်ကြသည်။

ဒေါက်တာအရှင် ဝေဠုရိယဉာဏလင်္ကာရသည် ဘုံဘေတက္ကသိုလ်မှ Ph.D ဒေါက်တာဘွဲ့ကို The Impact of Buddhism on Social and Cultural Life of Burma: A Historical Study. စာတမ်းဖြင့် ဒေါက်တာဘွဲ့ကို ရရှိတော်မူခဲ့ခြင်းဖြစ်ပြီး သီရိလင်္ကာနိုင်ငံ ကိုလံဘို တက္ကသိုလ်မှ M.A ဘွဲ့ကိုလည်း ရရှိတော်မူပြီးဖြစ်ကာ မြန်မာနိုင်ငံမှ သာသနဓဇဓမ္မာစရိယဘွဲ့၊ သက្យသီဟ သာမဏေ ကျော်ဘွဲ့၊ ဝိနယသူရ သာမဏေကျော်ဘွဲ့၊ ဂန္ထာရာမိက ဓမ္မာစရိယဘွဲ့၊ ဝိနယဝိဒူဘွဲ့တော်တို့ကို လည်း ရရှိတော်မူခဲ့ပြီးဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံစစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် ကျောင်းတိုက်ကြီး၌ သာသနာ့တာဝန်များ ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။ (က-ပ)

သာယာမည်

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့အများ အားဖြင့် သာယာမည်။

အမည်ပြောင်းလဲခေါ်ပါရန်

မော်လမြိုင်မြို့မရမ်းကုန်းရပ်ကွက် ပုလဲလမ်းနေ ကျွန်တော်အောင်သူရ အား မောင်သူရဟု ယနေ့မှစ၍ ပြောင်းလဲခေါ်ပါရန်။ **မောင်သူရ။**

လိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏

အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၅)ဖြင့် ၄-၁-၂၀၀၅ရက်တွင်

သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသော

ဦးထွန်းလင်း (Managing Director) Peace Co.,Ltd.

အမှတ် ၂၇၊ အင်းစိန်လမ်း၊ အမှတ်(၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်အား

နိုင်ငံနှင့်လူမျိုးအကျိုး ဆတက်ထမ်းပိုးတိုး၍

သယ်ပိုးနိုင်ပါစေကြောင်းနှင့် အသက်ရာကျော်ရှည်ပါစေကြောင်း

လိုက်လှဲဝမ်းမြောက်စွာ ဂုဏ်ပြုဆုမွန်ကောင်းများတောင်းအပ်ပါသည်။

မမကြီး - ဦးကိုလေး-ဒေါ်မေရီ

(သမီး) - ခိုင်မမကို (မေရီခိုင် ဇာဆိုင်)

ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ရန်ကုန်မြို့။

မူလကမ္ဘာအေးလေးစေတီ အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်အနီး သွေးဆေးကန် ရေတာရှည် ရပ်ကွက်ရှိ မူလကမ္ဘာအေးလေးစေတီတော်၏ ဒသမအကြိမ် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲနှင့်ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ပွဲကို ၁၃၆၆ခုနှစ် ပြာသိုလဆန်း ၁၁ ရက်မှ လပြည့်နေ့အထိ (ဇန်နဝါရီ ၂၀ရက်မှ၂၄ရက် အထိ) ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညို ကုသိုလ်တော်ယူကြရန် ဂေါပကအဖွဲ့က နှိုးဆော်ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

တရားပွဲများကျင်းပမည်

ပဲခူး ဇန်နဝါရီ ၁၀

ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ အနောက်မုခ်အနီး ဗုဒ္ဓအသံ ဓမ္မဗိမာန်တော်ကြီးတွင် စိန်မျှားဆေးပေါ့လိပ် မိသားစုက စတုတ္ထအကြိမ်မြောက် (အထူး)တရားပွဲကြီးကို ၁၃၆၆ ခုနှစ် ပြာသိုလဆန်း ၃ရက်နှင့် ၄ရက် ည ၇ နာရီအချိန်တွင် ကျင်းပမည်ဖြစ်သည်။

တရားပွဲအစီအစဉ်မှာ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) ကေလာသတောင် (သထုံမြို့)သည် ဇန်နဝါရီ ၁၂ရက်(ဗုဒ္ဓဟူးနေ့)တွင် လည်းကောင်း၊ ဓမ္မဒူတအရှင်ဆေကိန္ဒ [သာသနဓဇ၊ သဒ္ဓမ္မနေပုည၊ သာသနဇောတိပါလ၊ ဓမ္မာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ A.G.T.I (Civil)] သည် ဇန်နဝါရီ ၁၃ ရက် (ကြာသပတေးနေ့)တွင် လည်းကောင်း ဟောကြားမည်ဖြစ်သည်။

(က-ပ)

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု မလှိုင်မြို့နယ်တွင် အလှူရှင်ကတ္တရာလမ်းသစ်ဖွင့်

မလှိုင် ဇန်နဝါရီ ၅

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အလှူရှင်ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက်၉နာရီက မိတ္ထီလာ–မြင်းခြံလမ်းမကြီးနှင့် ထန်းပင်ကန်ကျေးရွာ ကတ္တရာလမ်းဆုံရှိ ဖွင့်ပွဲမုခ်ဦးရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦးက အလှူရှင် မော်ကွန်းကမ္ပည်း ကျောက်စာအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှ၊ အလှူရှင် ဦးတူးမောင်နှင့် မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ကျပ်သိန်း ၄၀၀ကုန်ကျ

မိုးကုတ် မြို့မရပ်ကွက်နေ အလှူရှင် ဦးတူးမောင်– ဒေါ်ထားထားအေးမိသားစုက လှူဒါန်းသည့် ထန်းပင်ကန်ကျေးရွာ ကတ္တရာလမ်းသစ်မှာ အရှည် ၂မိုင် ၂ဖာလုံရှိပြီး ကတ္တရာလမ်းအကျယ် ၁၂ပေ၊လမ်းဘေးဝဲယာ မြေသားလမ်း ပခုံးတစ်ဖက်သုံးပေစီပါဝင်သဖြင့် စုစုပေါင်းလမ်းအကျယ် ၁၈ ပေရှိသည်။ အဆိုပါလမ်းတစ်လျှောက် အကျယ်၁၈ပေ၊ အချင်း၁၈လက်မရှိ ရေထုတ်ပြွန် နှစ်စင်းထည့်သွင်း တည်ဆောက်ပေး ထားပြီး စုစုပေါင်းကုန်ကျငွေမှာ ကျပ် သိန်း ၄၀၀ ဖြစ်သည်။

ထို့အပြင် အလှူရှင်ဦးတူးမောင်– ဒေါ်ထားထားအေးမိသားစုက မလှိုင်မြို့နယ် ထန်းပင်ကန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ပင်မဆောင်အတွက် လှူဒါန်းငွေကျပ် ၂.၅သိန်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ဆောက်လုပ်ရန် လှူဒါန်းငွေကျပ် ၃၈သိန်း၊ အောင်မြင်ရတနာကျောင်း ဆောက်လုပ်ရန် ကျပ်သိန်း ၈၁၀နှင့် ထန်းပင်ကန် ကတ္တရာလမ်းသစ်အတွက် လှူဒါန်းငွေကျပ် သိန်း ၄၀၀ အပါအဝင် စုစုပေါင်းလှူဒါန်းငွေမှာ ကျပ်သိန်း ၁၂၅၀ ကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောက်မဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရွှေဖီဦးစံပြကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ၂၉ရက်ကကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်း၊ မြို့နယ်ဥက္ကဋ္ဌဦးမျိုးလွင်နှင့် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

စစ်ကိုင်းတိုင်း ကလေး မြို့နယ် စည် ပင်သာ ယာ ရေး အဖွဲ့က ဆောင်ရွက်သောမင်း ရဲ ကျော် စွာ လမ်း ကတ္တရာ လမ်းသစ် ဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက်က တွေ့ရစဉ်။ (နယ်စပ်/စည်ပင်)

တောင်ကုတ်မြို့၌ ကတ္တရာထပ်ပိုးလွှာလမ်းဖွင့်

တောင်ကုတ် ဇန်နဝါရီ ၅

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်ကုတ်မြို့ ညောင်တန်းလမ်း ကတ္တရာထပ်ပိုးလွှာ လမ်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ရက်က ကျင်းပသည်။

အခမ်းအနားတွင် သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်က တက်ရောက်အမှာစကားပြောကြားပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ အရှည်ပေ ၁၂၀၀၊ အကျယ် ၁၂ပေရှိ ကတ္တရာထပ်ပိုးလွှာ လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၀၄– ၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုငွေကျပ် ၁၅သိန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ **(နယ်စပ်/စည်ပင်)**

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ကျောက်ဖြူမြို့နယ် မင်းဂံကျေးရွာစာကြည့်တိုက်ဖွင့် ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေး ရှင်းလင်း

ကျောက်ဖြူ ဇန်နဝါရီ ၅

ကျောက်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မင်းဂံကျေးရွာ ကိုယ့်အားကိုယ်ကိုး လိုတရစာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ရက်က အဆိုပါ စာကြည့်တိုက်ရှေ့တွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လှိုင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်လှနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမောင်လှချေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(ဝဲပုံ)**

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လှိုင်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးအရာရှိ ဦးခင်မောင်လှက ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရသည့်ရည်ရွယ်ချက်နှင့် ရေ ရှည်တည်တံ့ရေး ရှင်းလင်းပြောကြားသည်။

လက်ခံရယူ

ထို့နောက် ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များနှင့်အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ပေးအပ်လှူဒါန်း

လိုတရ စာကြည့်တိုက်အတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်၊ စာစောင် ၂၂၄အုပ်၊ စေတနာရှင်အလှူရှင်များက စာအုပ် ၁၈၇အုပ်နှင့် အလှူငွေကျပ် ၈၈၇၀၀ ပေးအပ်လှူဒါန်းကြသည်။

(ခရိုင် ပြန်/ဆက်)

ရေနုတ်မြောင်းများတူးဖော်

ဆွမ်ပရာဘွမ် ဇန်နဝါရီ ၂

ဆွမ်ပရာဘွမ်မြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် ဒီဇင်ဘာ ၁ရက်က ဆွမ်ပရာဘွမ်မြို့ မြို့တွင်းလမ်းများ၏ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် အမှိုက်များဆယ်ယူခြင်း၊ ရေမြောင်းများ တူးဖော်ခြင်း လုပ်ငန်းများကို အဖွဲ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်းဆောင်ရွက်ကြရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မြင့်ကြူနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဒေဝအောင်တို့က လိုအပ်သည်များ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(ပြည်နယ်စည်ပင်)**

ကြာအင်းဆိပ်ကြီးမြို့နယ် အလင်းရောင်စာကြည့်တိုက်ဖွင့်

ကြာအင်းဆိပ်ကြီး ဇန်နဝါရီ ၁

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် ကိုယ့်အားကိုယ်ကိုး အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ၁၀ရက်က ကြာအင်းဆိပ်ကြီးမြို့ ရွှေတောင်ဘိုကျေးရွာအုပ်စု ကူးတို့ဆိပ်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝင်း၊ ကျေးရွာဥက္ကဋ္ဌ ဦးကြည်စိန်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးငွေးလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ရည်ရွယ်ချက်

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်းက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးငွေးလွင်က စာကြည့်တိုက် ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေး ရှင်းလင်း ပြောကြားသည်။

မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်ဦးစီးမှူးတို့က မဂ္ဂဇင်းနှင့် စာအုပ်မျိုးစုံ ၁၂၀ကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံရယူသည်။

အလားတူပင် ဒီဇင်ဘာ ၁၄ရက်က မင်္ဂလာကုန်းကျေးရွာ မူလတန်းကျောင်းတွင် လင်းရောင်ခြည်စာကြည့်တိုက်ဖွင့်လှစ်ပေးခဲ့ပြီး မဂ္ဂဇင်းမျိုးစုံ စာအုပ်၈၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

လွတ်လပ်ရေးနေ့ဂုဏ်ပြု မိုင်းတုံမြို့တွင် ကျောက်ချောလမ်းဖွင့်

မိုင်းတုံ ဇန်နဝါရီ ၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၄–၂၀၀၅ခု ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် မြို့မကွက်သစ်ကျောက်ချောလမ်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၂၀ရက်က အဆိုပါ လမ်းမုခ်ဦးတွင် ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုးနှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုင်းအောင်ကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)** **(မြို့နယ်စည်ပင်)**

ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားကျင်းပ စာစီစာကုံး၊ ကဗျာနှင့်ကာတွန်းပြိုင်ပွဲဆုရသူများအားဆုချီးမြှင့်

မော်လမြိုင် ဒီဇင်ဘာ ၂၅

မွန်ပြည်နယ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၁ ရက်က မော်လမြိုင်မြို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရာမညခန်းမတွင်ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရ မြင့်အောင် တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းဟောပြော

ဆက်လက်၍ မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာတင်ဝင်းကျော်က ၂၀၀၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အကြောင်း သိကောင်းစရာများ ရှင်းလင်းဟောပြောသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ၂၀၀၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အဖြစ် ကျင်းပသော စာစီစာကုံး၊ ကဗျာနှင့် ကာတွန်းပြိုင်ပွဲများတွင် ဆု ရရှိကြသည့် ကျောင်းသားကျောင်းသူ များကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ (၁၆၈)

ဇန်နဝါရီ ၇ရက်က ရောဝတီတိုင်း သာပေါင်းမြို့ မြို့ဦးပထမပြန်စာသင်တိုက်အတွင်း အသိစွမ်းအား စာကြည့်တိုက်ဖွင့်လှစ်ရန်အတွက် စာရေးဆရာ အရှင်ဉာဏဝရ (သာပေါင်း)ထံ ဦးမြင့်မော်-ဒေါ်ခင်ခင်ကြူ (မျိုးမော်ကွန်ပျူတာ) မိသားစု မဟာဗန္ဓုလပန်းခြံလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်က ကျပ် ၁၂၀၀၀၀ တန်ဖိုးရှိ စာအုပ်နှင့် ဂျာနယ်စာအုပ် မျိုးစုံ ၃၀၀ကျော်ကို ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

တပ်မတော်နေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်

လှိုင်လင် ဇန်နဝါရီ ၁

လှိုင်လင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး ကျင်းပသည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ဒီဇင်ဘာ ၁၀ ရက်က မြို့နယ်အသင်းရုံးခန်းမ၌ ကျင်းပရာ လှိုင်လင်ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးရည်သန့်က အဖွင့်အမှာစကားပြောကြားပြီး အမှတ်ပေးဒိုင်ချုပ် ဦးထွန်းငြိမ်းက အမှတ်ပေး စည်းမျဉ်းများကို ရှင်းလင်းတင်ပြသည်။

ဆုချီးမြှင့်

ထို့နောက်ပြိုင်ပွဲဝင်၁၃ဦးတို့ယှဉ်ပြိုင်ကြရာပထမမမေစိုးစန္ဒာကြည်၊ ဒုတိယ မချိုချစ်နွေးနှင့် တတိယ မောင်ကောင်းဇံထွန်းတို့ ရရှိကြရာ ဆုများကို ခရိုင် တွဲဖက် အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင် ဦးခင်မောင်ကြည်တို့က ပေးအပ်ချီးမြှင့်ကြသည်။

(ခရိုင် ပြန်/ဆက်)

စစ်ကိုင်းတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

မုံရွာ ဇန်နဝါရီ ၃

စစ်ကိုင်းတိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေးအဖွဲ့နှင့် စစ်ကိုင်းတိုင်းအမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ၂၄ရက် နံနက်၁၀နာရီက မုံရွာမြို့ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မြသလ္လာအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီးဒေါ်ဝေဝေခိုင်က အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ယာပုံ)**

ဆက်လက်ပြီး စစ်ကိုင်းတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး စစ်ကိုင်းတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ရှိန်က တိုင်းအတွင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းများ၏ ဆောင်ရွက်ချက်များ နှင့် ပတ်သက်၍ ဆွေးနွေး တင်ပြသည်။

ထို့နောက်စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ တိုင်းအုပ်ချုပ်ရေးမှူး၏ ဇနီးဒေါ်စန်းမြင့်က စစ်ကိုင်းတိုင်းအမျိုးသမီးရေးရာအဖွဲ့၏ ဖွဲ့စည်းပုံနှင့် ရှေ့ဆောင်ရွက်ရန်များ ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်ပြီး စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ မုံရွာခရိုင်၊ ကသာခရိုင်၊ ကလေးခရိုင်၊ တမူးခရိုင်၊ မော်လိုက်ခရိုင်နှင့် ခန္တီးခရိုင်တို့မှ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌတို့က ခရိုင်အလိုက် လုပ်ငန်းဆောင်ရွက်မှုများ ဆွေးနွေးတင်ပြကြသည်။ **(ခရိုင် ပြန်/ဆက်)**

ပျဉ်းမနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် သပြေကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်က ကျင်းပရာ ပျဉ်းမနားတပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

တွံတေးမြို့နယ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပရာနိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်နိုင်က ဖတ်ကြားစဉ်။ (၃၈၀)

မြန်မာ့အသံ

၁၂-၁-၂၀၀၅(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဝဋ္ဋသုတ်နှင့်ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ (ပျဉ်းမပင်စက်မှုဇုန်ထုတ် စတီးချိုင့်နှင့် ကြော်လှော်ချက်ပြုတ်အိုးများထုတ်လုပ်မှု)

၁၂း၀၀ မြန်မာ့အနုသဘင် (ဆရာကြီးဦးဂုဏ်ဘဏ်)

၁၂း၂၅ သူ့အတွေးနှင့်သူ့အရေး (သတ္တိရှိစမ်းပါ-ဒေါက်တာမတင်ဝင်း)

၁၃း၁၀ ယဉ်ကျေးမှုအနုပညာ (တကောင်းအားလေ့လာခြင်း-ချစ်စံဝင်း)

ညနေပိုင်း

၁၇း၁၅ ဆွေးနွေးခန်း(မြစ်ကြီးနားခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန)

၁၇း၃၀ အစာနှင့်အာဟာရ(ပုသိမ်ဟာလဝါ)

၁၇း၄၅ သူ့လက်သံလက်စွမ်းပြ (ဆို၊က၊ရေး၊တီးဆုရ ရခိုင်ပြည်နယ်မှ ဦးအောင်ပြည့်စုံ၏ စောင်းလက်သံ)

၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁)ပုံတော်စုံပစ္စေကဗုဒ္ဓါအပဒါန် ဝတ္ထုတော်ကြီး (ဘဒ္ဒန္တဝဏ္ဏာဘိဝံသ-ဖအောင်ဝဲ) (၂)အင်္ဂလိပ်အသံထွက်သီအိုရမ်များ (မောင်သစ်ဆန်း-ဘီအေ)

၂၀း၃၀ မေတ္တာလက်ဆောင်ရတေးစီးရီး (တေးပုလဲကိုဘမြင့် တေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သော မြတ်ဂုဏ်ရောင်ဓမ္မတေးသစ်များ)

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခရိုင်တာဝန်ခံအမှုဆောင်အရာရှိ ဦးသောင်းညွှန့် ခါမ်းပါတ်မြို့ စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ခါမ်းပါတ် (အမက) ကျောင်းလမ်းအား အမာခံကျောက်ချောလမ်း ခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဒီဇင်ဘာ ၂၀ ရက်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဒီဇင်ဘာ ၂၀ရက်က ပြည်မြို့ ဗိုလ်ချုပ်လမ်း၊ လမ်းမတော်လမ်းနှင့် ရန်ကုန်-ပြည်လမ်းများတစ်လျှောက်တွင် အမှိုက်ကင်းစင်ရေးအတွက် အမှုဆောင်အရာရှိ ဦးဆန်းမော်ခင် ကြီးကြပ်မှုဖြင့် ဒုတိယဦးစီးမှူး(သန့်) ဦးမြင့်မြတ်နှင့် စည်ပင်သာယာဝန်ထမ်းများ မြို့သန့်ရှင်းသာယာလှပရေးအတွက် တံမြက်လှည်းခြင်းနှင့် အမှိုက်သိမ်းခြင်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)



သံလွင်တံတား(မော်လမြိုင်) ချဉ်းကပ်ရထားလမ်းဖောက်လုပ်မှု သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးနိုင်ရေးဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၀

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်း လိုက်ပါလျက် ဇန်နဝါရီ၈ရက်တွင် သံလွင်တံတား(မော်လမြိုင်) ချဉ်းကပ်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းအင်ဂျင်နီယာ ဦးဇော်မင်းဦးက သံလွင်တံတား(မော်လမြိုင်) ချဉ်းကပ်ရထားလမ်း ဖောက်လုပ်ရေးနှင့် မော်လမြိုင်ဘူတာရုံသစ်ကြီး တည်ဆောက်မှုအခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များကို ပုံစံကားချပ်၊ ပုံစံငယ်တို့ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက်တင်ပြပြီး ဝန်ကြီးက သံလွင်တံတား(မော်လမြိုင်) ချဉ်းကပ်ရထားလမ်းဖောက်လုပ်ခြင်းကို လုပ်ငန်းအဆင့်အလိုက် အမြန်ပြီးစီးအောင် ဆောင်ရွက်ပြီး သတ်မှတ်ကာလအတွင်း လုပ်ငန်းအားလုံးပြီးစီးနိုင်ရေး၊ မော်လမြိုင်ဘူတာရုံသစ်ဝင်းနေရာတွင် သံလမ်းခင်းကျင်းမှု အမြန်ပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို မှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးပြီး မော်လမြိုင် ဘူတာရုံသစ် တည်ဆောက်ပြီးစီးမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



မော်လမြိုင်ဘူတာရုံသစ်ကြီး တည်ဆောက်မည့်ပုံစံငယ်ကို ဤသို့တွေ့ရသည်။ (ရထားပို့ဆောင်ရေး)

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မော်လမြိုင်-ရေး-ထားဝယ် ကားလမ်းမကြီး အောက်ဘက်မှ ရထားလမ်း ဖြတ်သန်းဖောက်လုပ်မည့် နေရာသို့ ရောက်ရှိပြီး ယန္တရားအသုံးပြု၍ မြေသားလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၇ ကော်လံ ၁ ●

သီးထပ်စွမ်းအား တိုးချဲ့စိုက်ပျိုးနိုင်မည့် ကျောဇီလျှပ်စစ်မြစ်ရေတင်စီမံကိန်း

ကွင်းဆင်းလေ့လာရေးသားသူ - ကျော်စိန်
ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁၀

နိုင်ငံတော်တွင်စိုက်ပျိုးရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော စိုက်ပျိုးရေ ရရှိရေးအတွက် မြစ်ရေကိုလျှပ်စစ်ဖြင့်စုပ်တင်ပြီး စိုက်ပျိုးရေ ပေးရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

မြင်းခြံခရိုင် တောင်သာမြို့နယ် ကျောဇီလျှပ်စစ်မြစ်ရေတင်စီမံကိန်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည်ကို မြန်မာ့အလင်းသတင်းအဖွဲ့သည် ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၂၉ ရက်က သွားရောက်လေ့လာခဲ့ကြသည်။

စာမျက်နှာ ၇ ကော်လံ ၄ ■

ဖွံ့ဖြိုး စည်ပင် ကျေးလက် တစ်ခွင်

ချောက်မြို့နယ် ပခန်းငယ်ကျေးရွာ စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကျင်းပ ကျေးလက်ပြည်သူများသောက်သုံးရေဖူလုံစွာရရှိ

ရန်ကုန် ဇန်နဝါရီ ၁၀

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်၍ စည်ပင်သာယာလမ်းသွယ် ပါရမီ ရန်ကုန်မြို့နေ ဦးမောင်မောင် လှူဒါန်းသော ပခန်းငယ်ကျေးရွာ အုပ်စု ပခန်းငယ်ကျေးရွာ စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ရက် နံနက် ၁၀နာရီက ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသီဟ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးသန်း၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာနေ ပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၅ ✡

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောက်လုပ်ပြီးစီးခဲ့ပြီးဖြစ်သော ချောင်းဦးမြို့နယ် ငါးယုန်ကျေးရွာရှိ ဦးကျော်လင်း၏ ကျေးလက်အိမ်ရာ နေထိုင်မှုအခြေအနေကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေနှင့်အဖွဲ့ ကြည့်ရှုရာ အိမ်ရှင်များက ကျေးဇူးတင်စကား ပြောကြားခဲ့ကြစဉ်။
(နယ်စပ်/စည်ပင်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိသော မြင်းခြံခရိုင် တောင်သာမြို့နယ် ကျောဇီလျှပ်စစ် မြစ်ရေတင်စီမံကိန်း တည်ဆောက်ပြီးစီးမှုမြင်ကွင်းကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၉ရက်က ဤသို့တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း- သိန်းဝင်းလေး (မြန်မာ့အလင်း)

11-1 (20).p65 1 3/27/05, 2:28 PM